# TRUMP'S SECRET WEAPON

mgyoe.com SAMPLE BOOK

HARRIS MAY

# ထရမ့်ရဲ့ လျှို့ဝှက်လက်နက်

အောင်ဖြိုး

(ဘာသာပြန်သည်)



mgyoe.com

THAR NGE

mgyoe.com

SAMPLE BOOK

၂၀၂၄ အမေရိကန်ရွေးကောက်ပွဲဟာ နိုင်ငံရေးသက်သက်မဟုတ်ဘဲ အာဏာ၊ နည်းပညာနဲ့ နောက်ကွယ်ကနေ ကြိုးကိုင်သူတစ်ဦးရဲ့စီမံမှုတွေကြောင့် ဖြစ်နေပါက ဘယ်လိုဖြစ်မလဲ....

ဒီစာအုပ်မှာ အမေရိကန်နိုင်ငံရေးရဲ့ အရိပ်ထဲ ဝင်ရောက်ကာ ဒေါ်နယ်ထရမ့်ကို အနိုင်ရစေခဲ့တဲ့ နည်းပညာဧကရာဇ် အီလွန်မက်စ်ရဲ့ ထိပ်တန်းလျှို့ဝှက်အမှန်တရားတွေကို ဖော်ထုတ်ထားပါတယ်။ ဒီစာအုပ်ဟာ လျှို့ဝှက်ဗျူဟာတွေ၊ ဒစ်ဂျစ်တယ်စစ်ပွဲတွေနဲ့ ရွေးကောက်ပွဲသမိုင်းကိုအပြောင်းအလဲဖြစ်စေခဲ့တဲ့ အချက်အလက်တွေကို ရင်ခုန်ဖွယ်ဖော်ပြထားပါတယ်။

ဒီစာအုပ်မှာ

- အီလွန်မက်စ်ရဲ့ နည်းပညာပါရမီကနေ နိုင်ငံရေးအပြောင်းအလဲဖန်တီးသူအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်လာပုံနဲ့ ၂၀၂၄ ရွေးကောက်ပွဲအတွင်း သူ့ရဲ့ထကြွလှုပ်ရှားမှုတွေ၊
- ထရမ့်ရဲ့ အောင်ပွဲနောက်ကွယ်က လျှို့ဝှက်ဗျူဟာတွေနဲ့ X (ယခင်က Twitter) ကို နိုင်ငံရေးလက်နက်အဖြစ် ပြောင်းလဲခဲ့ပုံတွေ၊
- ကမလာဟဲရစ်ရဲ့ ရွေးကောက်ပွဲကြိုးပမ်းမှု ပြိုကွဲသွားရတဲ့အကြောင်းရင်းနဲ့ မက်စ်ရဲ့ ဩဇာက အာဏာဟန်ချက်ကို ဘယ်လိုပြောင်းလဲစေခဲ့ပုံတွေနဲ့
- ထရမ့်ရဲ့အသံကို အရှိန်မြှင့်ခြင်းကနေ ဒစ်ဂျစ်တယ်စစ်မြေပြင်ကို ထိန်းချုပ်မှုအဖြစ် ပြောင်းလဲခဲ့တဲ့ မက်စ်ရဲ့ အငြင်းပွားဖွယ်နည်းဗျူဟာတွေကို ဖော်ပြထားပါတယ်။

ဒီစာအုပ်ဟာ ရွေးကောက်ပွဲအကြောင်း သာမန်စာအုပ်မဟုတ်၊ မြင့်မြတ်တဲ့ရည်မှန်းချက်၊ ထက်မြက်မှုနဲ့ စနစ်တကျစွန့်စားမှုတို့ရဲ့ဇာတ်လမ်း ဖြစ်ပါတယ်။ ခေတ်ပေါ်နိုင်ငံရေးအပေါ် သင့်ထင်မြင်ယူဆချက်တွေကို စိန်ခေါ်မဲ့ ဇာတ်လမ်းတစ်ပုဒ်။

အီလွန်မက်စ်ကို ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ သူဟာ သမိုင်းကို လွှမ်းမိုးရုံသာမက ပြန်လည်တည်ဆောက်ခဲ့သူ ဖြစ်ပါတယ်။ အငြင်းပွားဖွယ်နဲ့ အမှန်တရားဖော်ထုတ်မှုတွေ ပါဝင်တဲ့ ဒီစာအုပ်ကို လက်လွတ်မခံပါနဲ့။

ISBN 978-99971-83-30-9

9 789997 183309 >

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမျက်နှာ | ■ | ၁၇၆ |
| စာအုပ်ဆိုဒ် | ■ | အလျား ၁၄.၇ × အနံ ၂၁ စင်တီ။ |
| စာအုပ်အမျိုးအစား | ■ | ဘာသာပြန်၊ သုတ |
| မျက်နှာဖုံးသရုပ်ဖော် | ■ | ဇာလင်းထက် |
| အတွင်းအပြင်အဆင် | ■ | စောမာလာ |
| ISBN | ■ | 978 - 99971 - 83 - 30 - 9 |
| ထုတ်ဝေခြင်း | ■ | ပထမအကြိမ်၊ မေလ – ၂၀၂၅ ခုနှစ် |
| အုပ်ရေ | ■ | ၁၀၀၀ |
| ဘာသာပြန်စာမူမူပိုင် | ■ | စာရေးသူ |
| ပုံနှိပ်မူပိုင် | ■ | သားငယ်စာပေ |

**တန်ဖိုး ■ ၁၀၀၀၀ ကျပ်**

ဤစာအုပ်ကို ဦးပြုံးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ဦးနိုင်ဦး၊ ငွေပြည်တော် ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄ /အေ–၁)၊ နေကြာလမ်း၊ ၂–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။



**သတိပေးခြင်း**

ဤစာအုပ်ထုတ်လုပ်ဖွဲ့စည်းမှုပုံစံသည် သားငယ်စာပေတိုက်၏ မူပိုင်ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက်ရေးခြင်းမှလွဲ၍ ယခုပုံစံအတိုင်း စာတစ်အုပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင်ပြောင်းလဲ သုံးစွဲခွင့်မပြု။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

## နိဒါန်း


| | | |
|---|---|---|
| အခန်း – ၁ | အစောပိုင်းစိတ်ကူးညဏ်များ | ၇ |
| အခန်း – ၂ | လွတ်လပ်စွာပြောဆိုခွင့်အတွက် တိုက်ပွဲဝင်ခြင်း | ၂၉ |
| အခန်း – ၃ | Woke ကို ဆန့်ကျင်သောစစ်သည်တော်ပေါ်ထွက်လာခြင်း | ၄၇ |
| အခန်း – ၄ | မက်စ်နှင့်ထရမ့်ပူးပေါင်းခြင်း | ၆၅ |
| အခန်း – ၅ | အမေရိကန် တစ်ဖန်ကြီးမြတ်ရေးလှုပ်ရှားမှုအသံများ | ၈၁ |
| အခန်း – ၆ | မက်စ်ရဲ့သက်ရောက်မှု | ၁၀၅ |
| အခန်း – ၇ | ကမလာဟဲရစ် ဘာကြောင့်ရှုံးလဲ | ၁၂၅ |
| အခန်း – ၈ | ထရမ့် ဘာကြောင့်နိုင်ခဲ့သလဲ | ၁၃၃ |
| | နိဂုံး | ၁၆၉ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ထရမ့်က သူ့ရဲ့အောင်ပွဲအမှာစကားမှာ အံ့အားသင့်စရာကောင်းတဲ့သူ တစ်ယောက်ကို မိတ်ဆက်လိုက်ပါတယ်။

အီလွန်မက်စ်ပါ . . .

ချီးမွမ်းစကားတွေကြားထဲမှာ ထရမ့်ရဲ့စကားလုံးတွေက လေးလေးနက်နက် ရှိနေခဲ့ပါတယ်။ ''ကြယ်တစ်ပွင့်ပေါ်ထွန်းလာပြီ''လို့ သူကပြောလိုက်ပါတယ်။ ပြီးတော့ မက်စ်ကို 'အံ့ဖွယ်လူသား'လို့ ချီးကျူးပြီး သူတို့ဘုံရည်မှန်းချက်တွေအကြောင်း အဓိပ္ပာယ် ဖွင့်ရခက်စွာ ပြောသွားပါတယ်။ မက်စ်ဟာ ထရမ့်ရဲ့ နိုင်ငံရေးဘဝ ပြန်လည်အသက်ဝင် လာဖို့အတွက် သာမန်မဟာမိတ်ထက် ပိုပြီးအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတယ် ဆိုတာ ထင်ရှားသွားပါတယ်။ ဒါပေမဲ့ မက်စ်နဲ့ထရမ့် ဆက်စပ်မှုက ခုမှ နေ့ချင်းညချင်း ဖြစ်လာတာ မဟုတ်ပါဘူး။ မက်စ်က ဆီလီကွန်တောင်ကြားမှာ ဩဇာကြီးတဲ့သူ ဖြစ်နေခဲ့ တာကြာပြီဖြစ်ပေမဲ့ ထရမ့်ရွေးကောက်ပွဲ ကမ်ပိန်းတွေမှာ သူ့ဩဇာသက်ရောက်မှုနည်းလမ်း တွေကြောင့် လူတွေ စပြီးသတိပြုမိလာပါတယ်။

ထရမ့်က သူ့ဟောပြောချက်မှာ မက်စ်ရဲ့ တွစ်တာ (အခု X ) ကို ဝယ်ယူခြင်းနဲ့ ထရမ့်အကောင့်ပြန်ဖွင့်ဖို့လုပ်ခဲ့တာကို ထောက်ပြသွားပါတယ်။ ထရမ့်က ဒါကို ''ဒီမို ကရေစီရဲ့ စစ်မှန်တဲ့လုပ်ရပ်ပဲ''လို့ သတ်မှတ်လိုက်ပါတယ်၊ ဒီအချက်ဟာ ထရမ့်ရဲ့အသံကို ဒစ်ဂျစ်တယ်ကမ္ဘာဆီ ပြန်လည်တွန်းပို့ပေးခဲ့ပြီး တစ်နိုင်ငံလုံးအထိ တုံ့ပြန်မှုကို လှုံ့ဆော်ခဲ့ ပါတယ်။ ဒါပေမဲ့ ဒါဟာ လေးစားထောက်ခံမှုကို ပြရုံသက်သက်လား၊ ဒါမှမဟုတ် ဒီဆုံးဖြတ်ချက်မှာ မက်စ်ရဲ့အခန်းကဏ္ဍဟာ ပြည်သူ့ထင်မြင်ချက်ကို ထရမ့်ဘက်ကို လှည့်ပေးဖို့ နက်ရှိုင်းစွာတွက်ချက်ထားတဲ့ လှုပ်ရှားမှုတစ်ခုရဲ့ အစိတ်အပိုင်းပဲလား။

ထရမ့်က ဒီ'လွတ်လပ်တဲ့စကားပြောခွင့်ကို ပြန်လည်ရရှိခြင်း'အဖြစ်ရည်ညွှန်းရင်း မက်စ်ရဲ့ ရွေးကောက်ပွဲလမ်းကြောင်းပေါ်ရှိ နက်ရှိုင်းတဲ့သက်ရောက်မှုကို အရိပ်အမြွက် ဖော်ပြခဲ့ပါတယ်။ သူ့ရဲ့ X (တွစ်တာ) က အကောင့်ပြန်ဖွင့်ပေးခြင်းဖြင့် ထရမ့်ရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သတင်းစကားဟာ သန်းချီတဲ့ပရိသတ်ဆီ ပြန်လည်ရောက်ရှိလာပြီး သူ့ရဲ့ ရွေးကောက်ပွဲဗျူဟာကို အသစ်ပြန်လည်ပုံဖော်ခဲ့ပါတယ်။

မက်စ်က ထရမ့်အသံကို အွန်လိုင်းမှာ အရှိန်မြှင့်တင်ခြင်းဟာ ရိုးရိုးထောက်ခံမှုထက် ပိုမိုနက်ရှိုင်းပါတယ်။ ဒါဟာ အရေးပါတဲ့ အချိန်ကွင်းဆက်မှာ စနစ်တကျ စီမံထားတဲ့ လှုပ်ရှားမှုတစ်ခုဖြစ်ပြီး ရွေးကောက်ပွဲအကျိုးရလဒ်ကိုတောင် ပြောင်းလဲစေနိုင်ခဲ့ပါတယ်။ ထရမ့်က မက်စ်ရဲ့ပါဝင်မှုကို အလွှာတစ်ခုစီဖော်ထုတ်ရင်း မက်စ်က ရိုးရိုးထောက်ခံသူထက် ပိုမိုအရေးပါတယ်လို့ ညွှန်းဆိုခဲ့ပါတယ်။ မက်စ်ဟာ ထရမ့်ရဲ့ ရွေးကောက်ပွဲနောက်ကွယ်ရှိ မမြင်ရတဲ့ အားတစ်ရပ်ဖြစ်ကာ ဒစ်ဂျစ်တယ်စွမ်းအားဖြင့် ထရမ့်ဘက်ဆီ လှိုင်းတံပိုးတွေကို လှည့်ပေးခဲ့ပါတယ်။

"အီလွန်က ကျွန်တော့်ဘက်မှာ အမေရိကန်ရဲ့မျှော်လင့်ချက်ကို မြဲမြံစွာ ရပ်တည်ပေးခဲ့တယ်၊ သူက ကျွန်တော်တို့အားလုံး ဖြစ်နိုင်တယ်လို့ သိထားတဲ့အရာကိုရယူဖို့ ကူညီပေးခဲ့ပါတယ်"လို့ ထရမ့်က သိကျွမ်းတဲ့အမူအရာဖြင့် ပြောကြားခဲ့ပါတယ်။

မက်စ်ဟာ ထရမ့်ရဲ့သတင်းစကားကို ပိုမိုအသံကျယ်လာစေခဲ့ပြီး သူ့ထောက်ခံမှုကို နိုင်ငံရေးအဆင့်ထက် ပိုမိုကျယ်ပြန့်တဲ့နေရာတွေဆီ ရောက်ရှိစေခဲ့ပါတယ်။ ထရမ့်အတွက် မက်စ်ဟာ ဒီရွေးကောက်ပွဲကို ပုံဖော်ရာမှာ အရှိန်အဟုန်ဖြင့် ပါဝင်ကူညီခဲ့တဲ့ မဟာမိတ်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ မက်စ်ရဲ့ ဆုံးဖြတ်ချက်တွေကတစ်ဆင့် ထရမ့်ရဲ့ စကားတွေဟာ လူထုအကြားကို ပိုမိုရောက်ရှိလာပြီး သူ့ရဲ့အယူအဆတွေဟာလဲ လတ်ဆတ်တဲ့အားတက်မှုကို ရရှိခဲ့ပါတယ်။ ဒါဟာ သာမန်ထောက်ခံမှုမျိုးမဟုတ်ဘဲ ရွေးကောက်ပွဲရဲ့အကျိုးသက်ရောက်မှုကို အရေးပါတဲ့ အချိန်တွေမှာ လွှမ်းမိုးဖို့စီမံထားတဲ့ နည်းဗျူဟာတစ်ရပ်လို့ ခံစားရပါတယ်။

လူအုပ်ကြီးရဲ့ အော်ဟစ်သံတွေပျောက်ကွယ်သွားပေမဲ့လဲ မေးခွန်းတစ်ခုက ကျန်ရစ်နေဆဲဖြစ်ပါတယ်။ အီလွန်မက်စ်က ထရမ့်အနိုင်ရရှိမှုကို မည်မျှအထိ လှည့်ပြောင်းပေးခဲ့သလဲ။ ဒါက နိုင်ငံရေးနဲ့ နည်းပညာကမ္ဘာရဲ့ အနာဂတ်အတွက် ဘယ်လိုအဓိပ္ပာယ်သက်ရောက်မလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၁

# အစောပိုင်းစိတ်ကူးဉာဏ်များ

အီလွန်မက်စ် . . .

ဒီနာမည်က ဒုံးပျံလွှတ်တင်မှုတွေ၊ သူ့အလိုလို မောင်းနှင်နိုင်တဲ့ကားတွေ၊ သတင်းခေါင်းစဉ်တွေကို ဖမ်းစားနိုင်တဲ့ တွစ်တာစကားစစ်ထိုးပွဲတွေရဲ့ ပုံရိပ်တွေကို ဖန်တီးပေးပါတယ်။ သူ့မှာ သိပ္ပံစိတ်ကူးယဉ်ဇာတ်လမ်းတွေလို ရဲရင့်တဲ့စိတ်ကူးတွေ ရှိပါတယ်။ ဥပမာ–အင်္ဂါဂြိုဟ်ကို နယ်မြေချဲ့ထွင်ဖို့၊ လူသားတွေရဲ့သွားလာမှုပုံစံကို ပြောင်းလဲဖို့၊ ကမ္ဘာ့စွမ်းအင်စနစ်တွေကို အပြောင်းအလဲလုပ်ဖို့၊ ဒါပေမဲ့ ခဏလောက်ရပ်ပြီး စဉ်းစားကြည့်ရအောင်။

သူ ဒီနေရာကို ဘယ်လိုရောက်လာတာလဲ . . .

တောင်အာဖရိကက ကလေးတစ်ယောက်ဟာ စက်မှုလုပ်ငန်းတွေသာမက အနာဂတ်ဆိုင်ရာ ဆွေးနွေးမှုတွေကိုပါ ဘယ်လိုများ လွှမ်းမိုးလာနိုင်တာလဲ။ မက်စ်ရဲ့ ဘဝခရီးဟာ အောင်မြင်မှုဆီတည့်တည့်ကြီး မဟုတ်ခဲ့ပါဘူး။ ကစဉ့်ကလျား၊ မရပ်မနား ကြိုတင်မှန်းဆလို့မရတဲ့အရာတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ ဒီမှာ အံ့သြစရာတစ်ခုရှိတာက သူ့ရဲ့သြဇာလွှမ်းမှုက နည်းပညာနယ်ပယ်မှာပဲ ရပ်မနေခဲ့ပါဘူး။ ၂၀၂၄ မှာဆိုရင် သူဟာ အမေရိကန်သမ္မတရွေးကောက်ပွဲကို ပုံဖော်နေပြီး နိုင်ငံရေးအာဏာရဲ့ စည်းမျဉ်းတွေကို ဘယ်သူမှ မျှော်လင့်မထားတဲ့နည်းလမ်းတွေနဲ့ ပြည်လည်ရေးသားနေခဲ့ပါတယ်။ နည်းပညာစိတ်ကူးယဉ်သူတစ်ဦးဟာ ဒီမိုကရေစီရဲ့လမ်းကြောင်းကို အဘယ်ကြောင့် မောင်းနှင်နေရတာလဲ။ ရှာဖွေကြည့်ရအောင်ဗျာ။

mgyoe.com

mgyoe.com SAMPLE BOOK

## ထူးခြားသောကလေးငယ်

တောင်အာဖရိကရဲ့ ဆောင်းနံနက်ခင်းတစ်ခုကို စိတ်ကူးကြည့်ပါ။ ခုနှစ်က ၁၉၇၁။ အီလွန်မက်စ်လို့ အမည်ရတဲ့ကလေးငယ်လေး ကမ္ဘာကိုစတင်ရောက်ရှိလာခဲ့ပြီး သူ့ရဲ့ ထူးထူးခြားခြားကြီးမားတဲ့ခေါင်းကြောင့် အစကတည်းက သာမန်မဟုတ်ခဲ့ပါဘူး။ ပရီတိုးရီးယားမြို့မှာမွေးဖွားလာတဲ့ ဒီကလေးငယ်ဟာ တစ်နေ့မှာ အာကာသထဲကို ဒုံးပျံတွေ လွှတ်တင်ပြီး နည်းပညာကမ္ဘာကို တုန်လှုပ်စေမယ်ဆိုတာ ဘယ်သူမှမသိခဲ့ကြပါဘူး။

အီလွန်ရဲ့မိဘတွေဖြစ်တဲ့ မေးလ် (Maye) နဲ့ အဲရောလ် (Errol) တို့ဟာ သူတို့သားအတွက် ကြီးမားတဲ့စိတ်ကူးတွေရှိခဲ့ကြပါတယ်။ ပြင်သစ်နိုင်ငံက 'နိုက်စ်' (Nice) မြို့လေးကိုအစွဲပြုပြီး သူ့ကို 'နိုက်စ်'လို့တောင် အမည်ပေးဖို့ စဉ်းစားခဲ့ဖူးပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာ မိသားစုနဲ့ဆက်စပ်တဲ့ 'အီလွန်ရိဗ်မက်စ်' ဆိုတဲ့နာမည်ကို ရွေးချယ်ခဲ့ကြပါတယ်။ အီလွန်ရဲ့ဖခင်ဖြစ်သူ အဲရောလ်ဟာ ဒီနာမည်ကို သမ္မာကျမ်းစာနဲ့ဆက်စပ်ပြီး သိပ္ပံစိတ်ကူးယဉ်စာအုပ်တစ်အုပ်ထဲမှာ အီလွန်ရဲ့အနာဂတ်ကို မြင်တွေ့ခဲ့တယ်လို့တောင် ယုံကြည်ခဲ့ပါတယ်။

အစကတည်းက အီလွန်ဟာ သာမန်မဟုတ်တဲ့ ကလေးပါ။ သူဟာ မကြာခဏ ငိုတတ်ပြီးစားတဲ့အခါမှာ စိတ်ပါလက်ပါစားတတ်ကာ အိပ်ချိန်နည်းလွန်းတာကြောင့် သူ့အမေဖြစ်သူ မေးလ်ကို ပင်ပန်းစေခဲ့ပါတယ်။ မေးလ်ဟာ သူ့ကို အိပ်ပျော်အောင် ကြိုးစားခဲ့ပေမဲ့ အီလွန်ရဲ့ငိုသံတွေက အလွန်ပြင်းထန်တာကြောင့် အိမ်နီးချင်းတွေက လျစ်လျူရှုမှုရှိတယ်ထင်ပြီး တစ်ခါတုန်းက ရဲတွေကိုတောင် ဖုန်းဆက်ခဲ့ကြပါတယ်။ အဲဒါ အပြင် အီလွန်ရဲ့စိတ်အခြေအနေဟာ လျှပ်တစ်ပြက်ပြောင်းလဲနိုင်ပါတယ်။ ငိုနေရာကနေ ခဏအတွင်း ပြုံးပျော်သွားနိုင်သူလဲ ဖြစ်ပါတယ်။

အီလွန်ကြီးပြင်းလာတာနဲ့အမျှ အမေဖြစ်သူ မေးလ်ဟာ သူ့မှာ ကမ္ဘာကြီးအပေါ် ပြင်းထန်တဲ့ စူးစမ်းလိုစိတ်ရှိကြောင်း သတိထားမိလာခဲ့ပါတယ်။ သူဟာ အတွေးထဲမှာ နစ်မြုပ်နေပြီး စိတ်ကူးသစ်တွေနဲ့ လှုပ်ရှားနေတာကို မကြာခဏ တွေ့ရပါတယ်။ အသက် ၃ နှစ်သာ ရှိသေးစဉ်ကတည်းက မေးလ်ဟာ သူ့ကို မူကြိုကလေးထိန်းကျောင်းမှာ စောစောထားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူ့ရဲ့ 'ပါရမီရှင်ကလေး'အတွက် အိမ်မှာပေးနိုင်တာထက် ပိုမိုလှုံ့ဆော်မှု လိုအပ်တယ်လို့ ယုံကြည်ခဲ့လို့ပါ။


mgyoe.com

mgyoe.com
SAMPLE BOOK

ဒါပေမဲ့ ကျောင်းတက်ရတာဟာ အီလွန်အတွက် အမြဲလွယ်ကူခဲ့တာ မဟုတ်ပါဘူး။ တခြားကလေးတွေနဲ့ ဆက်သွယ်ဖို့ခက်ခဲပြီး သူ့ကိုယ်သူ လူအများနဲ့မသက်ဆိုင်ဘူးလို့ ခံစားရလေ့ရှိပါတယ်။ အရာရာ ပျင်းရိလာတဲ့အခါ၊ ဒါမှမဟုတ် သူ့ကို အထင်လွဲတယ်လို့ ခံစားရတဲ့အခါ သူဟာ သူ့ကိုယ်ပိုင်အတွေးလောကထဲကို ပြေးဝင်လေ့ရှိပါတယ်။ ဒီအလေ့အထကြောင့် ဆရာတွေနဲ့ ကျောင်းအုပ်ကြီးပါ စိုးရိမ်ခဲ့ကြပြီး အီလွန်မှာ သင်ယူမှုအခက်အခဲရှိနိုင်တယ်လို့ မှားယွင်းစွာယူဆခဲ့ကြပါတယ်။ ဒီစိန်ခေါ်မှုတွေရှိပေမဲ့ အီလွန်ရဲ့မိဘတွေဟာ သူတို့သားရဲ့ထက်မြက်မှုကို သိရှိခဲ့ကြပါတယ်။

သူ့အကြားအာရုံကိုစစ်ဆေးခဲ့ပြီး လည်ချောင်းပသိ (adenoids) တွေကိုတောင် ဖယ်ရှားခဲ့ပေမဲ့လဲ သူ့ရဲ့အတွေးနက်ရှိုင်းမှု အလေ့အထမပြောင်းလဲခဲ့ပါဘူး။ အီလွန်အတွက်ကတော့ ဒီအချိန်တွေဟာ ရှုပ်ထွေးတဲ့အတွေးတွေကိုစူးစမ်းပြီး ပတ်ဝန်းကျင်ကို လျစ်လျူရှုကာ စိတ်ပိုင်းဆိုင်ရာကစားကွင်းထဲဝင်ရောက်တဲ့အချိန်တွေ ဖြစ်ပါတယ်။ အဲဒီလို အာရုံစူးစိုက်နိုင်စွမ်းဟာ နောက်ပိုင်းမှာ ပြဿနာတွေကို ဖြေရှင်းဖို့နဲ့ ကမ္ဘာကို တုန်လှုပ်စေတဲ့ တီထွင်မှုတွေကို ဖန်တီးနိုင်စေမဲ့ သူ့ရဲ့လျှို့ဝှက်လက်နက် ဖြစ်လာခဲ့ပါတယ်။

အီလွန်က သူငယ်ချင်းတွေလိုချင်ပေမဲ့ မကြာခဏ တစ်ကိုယ်တည်းသာရှိနေရပါတယ်။ သူဟာ ရိုးသားလွန်းတဲ့ကလေးဖြစ်ပြီး တစ်ခါတစ်ရံ တခြားသူတွေရဲ့စိတ်ကို မတော်တဆ ထိခိုက်စေတဲ့စကားတွေကို ပြောမိတတ်ပါတယ်။ ဒီအချက်ကြောင့် သူ့အတွက် တခြားကလေးတွေနဲ့ ရောစပ်ဖို့ ခက်ခဲခဲ့ပါတယ်။ သူ့ရဲ့ ကလေးဘဝ တစ်လျှောက် တစ်ကိုယ်တော်ဘဝနဲ့ပဲ နေခဲ့ရပါတယ်။ နှစ်တွေကြာပြီးနောက် အီလွန်က "ငယ်ငယ်တုန်းက ငါပြောခဲ့တဲ့ စကားတစ်ခွန်းရှိတယ်။ ဘယ်တော့မှ တစ်ယောက်တည်း မနေချင်ဘူး"လို့ ဝန်ခံခဲ့ပါတယ်။

လူမှုရေးအရ ခက်ခဲပေမဲ့လဲ အီလွန်မှာ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိခဲ့ပါတယ်။ တစ်ခါက အိမ်မှာ ပြဿနာတက်ပြီးနောက် ၅ နှစ်သား အီလွန်ဟာ သူ့ရဲ့ဆွေမျိုးမွေးနေ့ပွဲဆီ ခြေလျင်ခရီး ၂ နာရီခန့်လျှောက်သွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ လမ်းညွှန်ဆိုင်းဘုတ်တွေကို မဖတ်တတ်သေးပေမဲ့လဲ သူ့ရဲ့မှတ်ဉာဏ်ကိုအမှီပြုကာ လမ်းရှာခဲ့ပါတယ်။ ကြောက်လန့်တုန်လှုပ်နေတဲ့ သူ့အမေက သူ့ကိုတွေ့တဲ့အခါ အီလွန်မှာ စိုးရိမ်ပူပန်မှု လုံးဝမရှိခဲ့ပါဘူး။ အဲဒီလိုအကြောက်တရားကင်းမဲ့တဲ့စိတ်ဓာတ်ဟာ နောင်မှာ သူ့ကိုယ်ရည်ကိုယ်သွေးရဲ့ အထင်ကရလက္ခဏာတစ်ရပ် ဖြစ်လာခဲ့ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အီလွန်ရဲ့စိတ်ဓာတ်ခိုင်မာမှုက အထင်အရှားပဲရှိခဲ့ပါတယ်။ ၈ နှစ်သားအရွယ်မှာ မော်တော်ဆိုင်ကယ်တစ်စီးရရှိဖို့ ရည်မှန်းခဲ့ပါတယ်။ ညတိုင်း သူ့ဖခင်ဖြစ်သူ အဲရောလ်ရဲ့ ထိုင်ခုံဘေးမှာရပ်ပြီး စည်းရုံးပြောဆိုခဲ့ပါတယ်။ အဲရောလ်က သတင်းစာဖတ်ရင်း လျစ်လျူရှု ခဲ့ပေမဲ့လဲ အီလွန်က လက်မလျှော့ခဲ့ပါဘူး။ သူက တိတ်ဆိတ်စွာရပ်နေပြီး နောက်ဆုံးမှာ ဖခင်က လက်လျှော့ခဲ့ရပါတယ်။ အီလွန်ဟာ အရေးကြီးတဲ့သင်ခန်းစာတစ်ခုကို သိရှိသွား ခဲ့ပါတယ်။ စိတ်အားထက်သန်မှုနဲ့ ဇွဲလုံ့လရှိပါက သူရည်မှန်းသမျှကို အောင်မြင်နိုင်တယ် ဆိုတာကိုပေါ့။

အဲဒီလို ဇွဲလုံ့လကြီးမားမှုဟာ တစ်ခါတစ်ရံ သူ့ကို ဒုက္ခရောက်စေခဲ့ပါတယ်။ မိသားစုနဲ့ လီဗာပူးလ်မြို့ကို ခရီးထွက်တုန်းက အီလွန်ဟာ ပန်းခြံတစ်ခုမှာ လမ်းလွဲပြီး မြို့ထဲမှာပျောက်ဆုံးသွားခဲ့ပါတယ်။ ကြင်နာတဲ့မိသားစုတစ်စုက သူငိုနေတာကို တွေ့ပြီး ရဲတွေရောက်လာတဲ့အထိ စောင့်ရှောက်ပေးခဲ့ပါတယ်။ ဒါပေမဲ့ မိသားစုနဲ့ပြန်ဆုံတဲ့အခါ အီလွန်ဟာ ဘာမှမဖြစ်ခဲ့သလို လုံးဝစိုးရိမ်မှုမရှိဘဲ ပုံမှန်အတိုင်း ပြုမူနေခဲ့ပါတယ်။ ဒီလိုမျိုး အကြောက်တရားကင်းပြီး လွတ်လပ်တဲ့စိတ်ဓာတ်ဟာ သူ့မိသားစုကို အံ့အားသင့်စေသလို စိုးရိမ်စရာလဲ ဖြစ်စေခဲ့ပါတယ်။

## တကွဲတပြားဖြစ်နေသောမိသားစု

ကြီးပြင်းလာတာနဲ့အမျှ အီလွန်ဟာ တစ်ကိုယ်တည်းလုပ်ဆောင်ရတဲ့အရာတွေ အထူးသဖြင့် စာဖတ်ခြင်းမှာ နှစ်သက်မှုရှိခဲ့ပါတယ်။ သူဟာ ညအချိန်မှာ စာအုပ်တွေကို အငမ်းမရဖတ်ရှုကာ မနက်မိုးလင်းချိန် သူ့အမေ အိပ်ရာမနိုးခင်မှာ အိပ်ရာထဲကို လျှို့ဝှက် ဝင်ရောက်လေ့ရှိပါတယ်။ ဒါပေမဲ့ ဒီသင်ယူမှုအပေါ် ချစ်မြတ်နိုးမှုဟာ ကျောင်းသားဘဝနဲ့ တစ်ခါတစ်ရံ ဆန့်ကျင်ဘက်ဖြစ်ခဲ့ပါတယ်။ သူဟာ စာသင်ချိန်တွေကို လွတ်သွားလေ့ရှိပြီး စာအုပ်ထဲမှာ နစ်မြုပ်နေတဲ့အတွက် ကျောင်းကို နောက်ကျပြီးရောက်လေ့ရှိပါတယ်။ သူ့ဖခင်ဖြစ်သူ အဲရောလ်က ဒီအပြုအမူကို သဘောမတွေ့ဘဲ အီလွန်ရဲ့အုပ်ထိန်းခွင့် ကိုတောင် ရယူဖို့ကြိုးစားခဲ့ပါတယ်။ ဒီအချက်ဟာ ယခင်ကတည်းက တင်းမာနေတဲ့ မိသားစုအခြေအနေကို ပိုမိုဆိုးရွားစေခဲ့ပါတယ်။ အီလွန်ရဲ့ညီမဖြစ်သူ တော်စ်ကာ (Tosca)က ဒီကာလတွေကို ဝမ်းနည်းစွာ ပြန်လည်အမှတ်ရနေပြီး ခက်ခဲတဲ့အချိန်တွေမှာ သူ့အမေကို နှစ်သိမ့်ပေးခဲ့ပုံကို ပြန်ပြောင်းပြောပြခဲ့ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အီလွန် အသက် ၈ နှစ်အရွယ်မှာ သူ့မိဘတွေ ကွာရှင်းခဲ့ပါတယ်။ ဒီအဖြစ်အပျက်ဟာ သူ့ရဲ့ ငယ်ဘဝအတွက် အရေးပါတဲ့ အလှည့်အပြောင်း ဖြစ်ခဲ့ပါတယ်။ သူက လုံးဝကွဲပြားခြားနားတဲ့ အိမ်ထောင်နှစ်ခုကြားမှာ အချိန်ခွဲပြီး နေထိုင်ခဲ့ရပါတယ်။ သူ့အမေဖြစ်သူ မေးလ်နဲ့ညီအစ်ကိုမောင်နှမတွေနဲ့ ဒါဘန်မြို့မှာ နေထိုင်စဉ်ဘဝဟာ ရိုးရှင်းပေမဲ့လဲ မေတ္တာပြည့်ဝခဲ့ပါတယ်။ မေးလ်က ကလေးတွေကိုစောင့်ရှောက်ဖို့အတွက် မနားမနေ အလုပ်လုပ်ကိုင်ခဲ့ပြီး ကလေးတွေကို လုံ့လဝီရိယနဲ့ ကိုယ်ပိုင်အားကိုးတတ်မှုကို အလေးထား သင်ကြားပေးခဲ့ပါတယ်။ ဒါပေမဲ့ သူ့ဖခင် အဲရောလ်ကလဲ သူ့ဘဝကို အတော်လေး လွှမ်းမိုးမှုရှိခဲ့ပါတယ်။ ဖခင်ဖြစ်သူမှာ ဉာဏ်ထက်မြက်သလောက် ခန့်မှန်းလို့မရတဲ့ စိတ်သဘောထားရှိတာကြောင့် အီလွန့်အတွက် သဘောကျရတဲ့ စရိုက်ဖြစ်ရသလို စိတ်အနှောင့်အယှက်လဲ ဖြစ်ရပါတယ်။ သူတို့ရဲ့ မပြေလည်တဲ့ ဆက်ဆံရေးတွေရှိပေမဲ့ စွန့်စားမှုတွေကို ချစ်တတ်အောင်၊ ပညာဗဟုသုတကို ဆာလောင်တတ်မွတ်အောင် ဖခင်ဖြစ်သူက သွတ်သွင်းပေးနိုင်ခဲ့ပါတယ်။



အီလွန်မက်စ်နှင့် သူ့မိသားစု

မိခင်ဖြစ်သူ မေးလ်ကတော့ သားသမီးတွေကို သန်မာအောင်၊ ဒူပေနာပေခံအောင် သင်ကြားပေးခဲ့ပါတယ်။ မေးလ်က ပြဿနာတစ်ခုခုရှိတိုင်း အီလွန်ကို ''မင်းကိုယ်တိုင်ဖြေရှင်း နိုင်လိမ့်မယ်''ဆိုတဲ့စကားဖြင့် ကိုယ်တိုင်ရှာဖွေလေ့လာတတ်အောင်အားပေးခဲ့ပါတယ်။ ဒီစကားကြောင့်ပဲ အီလွန်ဟာ ပြဿနာတွေကို မိမိကိုယ်ကိုအားကိုးပြီး ဖြေရှင်းဖို့ ခွန်အားရခဲ့ပါတယ်။ မေးလ်က သူ့ကို 'ပါရမီရှင်'အဖြစ်ယုံကြည်ပေမဲ့လဲ ပုံမှန်ဆက်ဆံကာ လွတ်လပ်စွာလေ့လာခွင့်ပေးခဲ့ပါတယ်။ ဒီလိုမျိုး ပညာရပ်ဆိုင်ရာရော စိတ်ခံစားချက်ပါ အမှီအခိုကင်းမှုက သူ့ကို ရဲရင့်တဲ့အိုင်ဒီယာတွေဆီ ဦးတည်စေသလို မကြာခဏ မေးခွန်းထုတ်တတ်တဲ့ အလေ့အထနဲ့ တစ်ခါတစ်ရံ စိတ်ပိုင်းဆိုင်ရာ အေးစက်မှုတို့ကို ဖြစ်ပေါ်စေပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

သူ့မှာ *Asperger's Syndrome နဲ့ဆက်စပ်တဲ့ လက္ခဏာတွေရှိကြောင်း သူကိုယ်တိုင် အသိအမှတ်ပြုထားပြီး လူမှုဆက်ဆံရေးမှာ အချက်ပြမှုတွေကို လွဲချော်တတ်ကာ တုံ့ပြန်ပုံကလဲ တခြားသူတွေနဲ့ ကွဲပြားပါတယ်။ သူ့ရဲ့ ခက်ခဲလှတဲ့ ကလေးဘဝနဲ့ ဒီအချက်တွေ ပေါင်းစပ်လိုက်တဲ့အခါ ကမ္ဘာကြီးကို သူ ဘယ်လိုမြင်လဲဆိုတဲ့ အမြင်ဖြစ်ပေါ်စေပါတယ်။ အထီးကျန်ခြင်းနဲ့ အထင်လွဲခံရခြင်းတွေကြောင့်ပဲ အခက်အခဲတွေ ဘယ်လောက်ရှိရှိ သူ့အိပ်မက်တွေကို အကောင်အထည်ဖော်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ခိုင်မာစေပါတယ်။ အလွန်ရင်းနှီးတဲ့ မိတ်ဆွေအန်တိုနီယိုဂရေ့ဆီးယက်စ် (Antonio Gracias) က အီလွန်ရဲ့ငယ်ဘဝအတွေ့အကြုံတွေဟာ သူ့အပေါ် ဘယ်လောက်နက်ရှိုင်းစွာ သက်ရောက်မှုရှိခဲ့ကြောင်း သတိပြုမိခဲ့ပါတယ်။ ဝေဖန်မှုတွေ၊ ဒါမှမဟုတ် အနိုင်ကျင့်ခံရခြင်းကို အီလွန်တုံ့ပြန်ပုံမှာ စိတ်ဒဏ်ရာနောက်ဆက်တွဲခံစားမှုစိတ်ရောဂါ (PTSD) နဲ့ တူတယ်လို့ သူက နှိုင်းယှဉ်ပြောဆိုခဲ့ပါတယ်။ အဲဒါက ကလေးဘဝက ခံစားခဲ့ရတဲ့ နာကျင်မှုနဲ့ သီးသန့်နေရခြင်းတို့ကနေ အမြစ်တွယ်လာတဲ့ တုံ့ပြန်မှုပုံစံတစ်ခု ဖြစ်ပါတယ်။

လူမှုရေးအခြေအနေတွေက မကြာခဏခက်ခဲပေမဲ့လဲ အီလွန်ဟာ အင်ဂျင်နီယာ၊ ရူပဗေဒနဲ့ နည်းပညာကဏ္ဍတွေအပေါ် သူ့ရဲ့ချစ်မြတ်နိုးမှုထဲမှာ စိတ်သက်သာရာရှာဖွေခဲ့ပါတယ်။ စာအုပ်တွေဟာ သူ့အတွက် လမ်းပြတွေဖြစ်လာခဲ့ပြီး ကမ္ဘာကြီးကို နားလည်သဘောပေါက်စေဖို့ ကူညီပေးခဲ့ပါတယ်။ စာဖတ်ခြင်းကတစ်ဆင့် သူ့ရဲ့စိတ်ကူးတွေဟာ လက်တွေ့အဖြစ်သို့ ပြောင်းလဲနိုင်ပြီး ကမ္ဘာကိုပြောင်းလဲစေနိုင်ကြောင်း သူနားလည်လာခဲ့ပါတယ်။ ဒီအသိဉာဏ်ဟာ သူ့ကိုတီထွင်မှုတွေ၊ စက်မှုလုပ်ငန်းတွေကို အကြီးစားပြောင်းလဲစေမဲ့လမ်းကြောင်းတစ်ခုပေါ် ရောက်ရှိစေခဲ့ပါတယ်။ အဲဒီငယ်စဉ်ကာလတွေက ဖန်တီးနိုင်စွမ်း၊ စိတ်ခတ်ကြံ့ခိုင်မှုနဲ့ အနာဂတ်ကို ပုံဖော်လိုတဲ့ဆန္ဒတို့ဖြင့် သူ့ဘဝတစ်ခုရဲ့ အခြေခံအုတ်မြစ်ကို ချမှတ်ပေးခဲ့ပါတယ်။

---

* Asperger's Syndrome ဆိုတာ ဦးနှောက်အာရုံကြောချို့ယွင်းမှုတစ်ခုကြောင့် လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးနဲ့ အပြုအမူတွေမှာ ထူးဆန်းနေတဲ့ ဝေဒနာတစ်မျိုးဖြစ်ပါတယ်။ အော်တစ်ဇင်တွေထဲကတစ်ခုဖြစ်ပြီး အော်တစ်ဇင်ဝေဒနာရှင်တွေလောက် လက္ခဏာမပြင်းထန်တဲ့အတွက် အပြင်လူတွေဘက်ကကြည့်ရင် အရမ်းကြီး သိသာထင်ရှားနေတာမျိုးတော့ မဟုတ်ပါဘူး။ Asperger အများစုဟာ ပုံမှန်လူတွေလိုပဲ နေထိုင်နိုင်ပါတယ်။


mgyoe.com

 mgyoe.com SAMPLE BOOK 

## ခက်ခဲသောရွေးချယ်မှု

မိဘတွေကွာရှင်းပြီး အိမ်ထောင်ကွဲသွားတာဟာ အီလွန်ရဲ့စိတ်ထဲမှာ နက်ရှိုင်းတဲ့ ဒဏ်ရာကိုချန်ထားခဲ့ပါတယ်။ အသက် ၁၀ နှစ်သာရှိသေးတဲ့အချိန်မှာ သူဟာ နောင်မှာ နောင်တရစရာဖြစ်လာမဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ပါတယ်။ ဖခင်နဲ့အတူနေထိုင်ဖို့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ သူဟာ ဒါဘန်ကနေ ဂျိုဟန်နက်စ်ဘတ်ဆီ ညရထားခရီးကို တစ်ယောက်တည်းစီးခဲ့ပြီး ကလေးတစ်ယောက်အတွက် မလွယ်ကူတဲ့ စိန်ခေါ်မှုကို ရင်ဆိုင်ခဲ့ရပါတယ်။

ဘူတာရုံမှာ ဖခင်ကိုတွေ့မြင်တဲ့အခါ သူ့ရဲ့စိတ်ထဲမှာ ပျော်ရွှင်မှုတွေ ဝင်လာခဲ့ပါတယ်။ ''အဖေရေ၊ ဟမ်ဘာဂါစားကြရအောင်''လို့ သူက ပျော်ရွှင်စွာပြောခဲ့ပါတယ်။ အဲဒီညမှာ ဖခင်နဲ့အတူ အိပ်စက်ရင်း သူ ကြာမြင့်စွာလိုချင်ခဲ့တဲ့ မျှော်လင့်ချက်နဲ့ လုံခြုံမှုကို ခံစားရပါတယ်။ ဒါပေမဲ့ အီလွန်ဟာ ဘာကြောင့် ဖခင်နဲ့နေထိုင်ဖို့ ရွေးချယ်ခဲ့သလဲ။ နှစ်ပေါင်းများစွာကြာပြီးနောက် ဒီဆုံးဖြတ်ချက်အကြောင်း မေးမြန်းခံရတဲ့အခါ သူဟာ မှတ်ဉာဏ်ကြောင့် နာကျင်နေတာကို ထင်ရှားစွာမြင်ရပြီး ဝန်ခံပြောဆိုခဲ့ပါတယ်။

''အဖေက အထီးကျန်နေတယ်၊ ကျွန်တော်က သူ့ကိုအဖော်လုပ်ပေးရမယ်လို့ ခံစားရတယ်။ အဖေက စိတ်ပညာနည်းလမ်းတွေသုံးပြီး ကျွန်တော့်ကို လှည့်စားခဲ့တယ်''လို့ သူက ရှင်းပြခဲ့ပါတယ်။

အီလွန်ရဲ့ဖခင်ဖြစ်သူ အဲရောလ်ဟာ စွမ်းရည်ပြည့်ဝပြီး ယုံကြည်မှုအပြည့်နဲ့ လောကီဆန်တဲ့ဆွဲဆောင်မှုရှိတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူ့မှာ ရွှေရောင်ရိုးရိုက်ဖိမ်ခံကား၊ စွယ်စုံကျမ်းတွေ၊ အင်ဂျင်နီယာကိရိယာတွေနဲ့ မရေမတွက်နိုင်တဲ့စာအုပ်တွေ ပိုင်ဆိုင်ပါတယ်။ ဒါဟာ အီလွန်ရဲ့မိခင် မေးလ်နဲ့ လုံးဝကွာခြားပါတယ်။ မေးလ်က သားတွေကို ချစ်ခင်ပေမဲ့ စီးပွားရေးအရ ကြိုးပမ်းရုန်းကန်နေရသူ ဖြစ်ပါတယ်၊ ဖခင်ရဲ့အရင်းအမြစ်တွေနဲ့ ဘဝနေထိုင်မှုပုံစံက လူငယ်အီလွန်ကို ဖခင်နဲ့နေထိုင်ဖို့ ရွေးချယ်စေခဲ့ပေမဲ့လဲ နောင်မှာ ဒီရွေးချယ်မှုကို 'တကယ့်ကို မှားယွင်းတဲ့ဆုံးဖြတ်ချက်'လို့ သူက ဝန်ခံခဲ့ပါတယ်။

နှစ်အနည်းငယ်ကြာပြီးနောက် အီလွန့်ညီ ကင်ဘယ်လ်ကလဲ အလားတူဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါတယ်။ သူက အီလွန့်ကို ဖခင်နဲ့တစ်ယောက်တည်းမထားလိုခဲ့ပေ။ ''အစ်ကို့ကို ဖခင်နဲ့ တစ်ယောက်တည်း မထားချင်ခဲ့ဘူး''လို့ ကင်ဘယ်လ်က အဲဒီကိစ္စကို


mgyoe.com

ပြန်လည်အမှတ်ရပြီး ဖခင်က သူတို့နှစ်ဦးလုံးကို ဘယ်လိုကြိုးကိုင်ခြယ်လှယ်ခဲ့ကြောင်း ရှင်းပြခဲ့ပါတယ်။

မိခင်မေးလ်ကတော့ အီလွန်က ဘာကြောင့် သူ့ကိုဒုက္ခပေးခဲ့သူနဲ့ နေထိုင်ဖို့ ရွေးချယ်ခဲ့သလဲဆိုတာကို အဖြေရှာမရဖြစ်နေခဲ့ပါတယ်။ ''ဒါကလဲ သူ့သဘာဝပဲ ဖြစ်မှာပါ''လို့ မေးလ်က စဉ်းစားမိခဲ့ပါတယ်။ သားဖြစ်သူအတွင်းမှာ အံ့သြဖွယ်စိတ်ဓာတ်ကြံ့ခိုင်မှုနဲ့ ဖွဲလုံ့လရှိကြောင်း၊ အဲဒီစိတ်ဓာတ်ကြောင့် တစ်နေ့မှာ ထူးခြားတဲ့အောင်မြင်မှုတွေ ရရှိလာမှာကို သူသိမြင်ခဲ့ဟန်တူပါတယ်။

**တောရိုင်းထဲက စွန့်စားခန်းများ**

ဖခင်နဲ့အတူနေထိုင်တဲ့ဘဝဟာ မျှော်လင့်မထားတဲ့ အချိုးအကွေ့နဲ့ ကြုံတွေ့ရပါတယ်။ အီလွန်နဲ့ညီဖြစ်သူ ကင်ဘယ်လ်တို့ဟာ တောင်အာဖရိက ဝေးလံခေါင်ဖျားပြီး တောရိုင်းတိရစ္ဆာန်တွေ ထူထပ်တဲ့ တင်ဘာဗာတီဂိမ်းရီဇက် (Timbavati Game Reserve) ဒေသက ခရီးသွားဧည့်လမ်းညွှန်အိမ်တစ်လုံး ဆောက်လုပ်ရာမှာ ပါဝင်ကူညီခဲ့တုန်းက ကြယ်တာရာတွေအောက်မှာ အိပ်စက်ရခြင်း၊ မီးပုံကြီးဖြင့်သာ အပူဓာတ်ယူရခြင်း၊ ခြင်္သေ့တွေကိုကာကွယ်ဖို့ သေနတ်တစ်လက် ကိုင်ဆောင်ထားရခြင်းတွေဟာ စိန်ခေါ်မှုပြည့်ဝတဲ့ အတွေ့အကြုံတွေ ဖြစ်ပါတယ်။ သူတို့ဟာ ပစ္စည်းတွေစုဆောင်းခြင်း၊ မြစ်သဲတွေနဲ့ အုတ်ခဲပြုလုပ်ခြင်း၊ စူးစမ်းလိုစိတ်ပြင်းပြတဲ့ တောရိုင်းတိရစ္ဆာန်တွေနဲ့ ရင်ဆိုင်ရခြင်းစတဲ့ ခက်ခဲတဲ့လုပ်ငန်းတွေကို လုပ်ကိုင်ခဲ့ရပါတယ်။ ဆင်တွေက ရေပိုက်လိုင်းတွေကို ဖျက်ဆီးတတ်ပြီး မျောက်တွေက ဧည့်လမ်းညွှန်အိမ်အတွင်းကို ဝင်ရောက်နှောင့်ယှက်တတ်ပါတယ်။ ဒီအရာတွေက ကလေးတွေရဲ့ လုပ်စရာစာရင်းကို ပိုမိုရှည်လျားစေခဲ့ပါတယ်။

အချိန်အနည်းငယ်ကြာတဲ့အခါ အီလွန်ဟာ ကျွမ်းကျင်တဲ့သေနတ်သမားတစ်ဦး ဖြစ်လာခဲ့ပါတယ်။ သူဟာ ဧည့်သည်တွေနဲ့အတူ အမဲလိုက်ခရီးတွေမှာ မကြာခဏ ပါဝင်လေ့ရှိပြီး ပွိုင့်တူးတူးကယ်လီဘာသေနတ်ငယ်ဖြင့် အံ့သြဖွယ်တိကျမှုရှိစွာ ပစ်ခတ်နည်းကို သင်ယူခဲ့ပါတယ်။ သူဟာ ပစ်မှတ်ပြိုင်ပွဲတစ်ခုမှာတောင် အနိုင်ရခဲ့ပေမဲ့လဲ အရွယ်မရောက်သေးလို့ ဆုအဖြစ်ရတဲ့ ဝီစကီပုလင်းတွေကို မယူနိုင်ခဲ့ပါဘူး။

အီလွန်ရဲ့ဖခင်ဟာ သူ့ကို နိုင်ငံခြားခရီးတွေ ခေါ်ဆောင်ကာ ယဉ်ကျေးမှုအသစ်တွေနဲ့ အတွေ့အကြုံတွေကို မိတ်ဆက်ပေးခဲ့ပါတယ်။ အမေရိကဆီ ပထမဆုံးအကြိမ်


mgyoe.com

mgyoe.com SAMPLE BOOK

ခရီးစဉ်ဟာ အီလွန်အတွက် စိတ်လှုပ်ရှားဖွယ် အသိဉာဏ်သစ် ဖြစ်ခဲ့ပါတယ်။ နယူးယောက်ကနေ ဖလော်ရီဒါအထိ ကားမောင်းသွားရင်း မိုတယ်လမ်းညွှန်ခန်းတွေမှာရှိတဲ့ ဒင်္ဂါးထည့်ပြီးကစားရတဲ့ ဗီဒီယိုဂိမ်းတွေအပေါ် သူစိတ်ဝင်စားလာခဲ့ပါတယ်။ နည်းပညာအပေါ် ဒီကြိုတင်စိတ်ဝင်စားမှုဟာ နောင်မှာနည်းပညာလုပ်ငန်းတွေမှာ သူ့ရဲ့အောင်မြင်မှုကို ကြိုတင်ပြသခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ နောက်ပိုင်းမှာ ဟောင်ကောင်ကိုသွားရောက်တဲ့ ခရီးစဉ်ကတစ်ဆင့် ဖခင်ဖြစ်သူ အဲရောလ်ရဲ့ သမားရိုးကျမဟုတ်တဲ့ သားသမီး ပြုစုပျိုးထောင်နည်းကို ပိုမိုသိရှိလာခဲ့ပါတယ်။

ဖခင်ဖြစ်သူဟာ ကလေးတွေကို ရိုးရိုးဟိုတယ်တစ်ခုမှာ ငွေအနည်းငယ်ထားကာ ရက်ပေါင်းများစွာ ပျောက်ကွယ်သွားခဲ့ပါတယ်။ အီလွန်နဲ့ ကင်ဘယ်လ်ဟာ မြို့တော်ကို သူတို့ကိုယ်တိုင်ပဲ စူးစမ်းလေ့လာခဲ့ကြပါတယ်။ ဗီဒီယိုဂိမ်းတွေကစားနိုင်တဲ့ အီလက်ထရွန်နစ်ဆိုင်တွေကို ရှာဖွေတွေ့ရှိခဲ့ပေမဲ့လဲ အီလွန်က ဂိမ်းသက်သက်မကစားဘဲ သူတို့ရဲ့ လုပ်ဆောင်ပုံကို လေ့လာနေခဲ့ပါတယ်။ (ဒီအကြောင်းကို နောက်ပိုင်းမှာ ဆက်လက်ဖော်ပြပါမယ်)။

ဖခင်နဲ့အတူနေထိုင်ပြီးနောက် အီလွန်နဲ့ ကင်ဘယ်လ်တို့ဟာ ဆွေမျိုးသားချင်းတွေနဲ့ ပြန်လည်ရင်းနှီးလာခဲ့ပါတယ်။ သောကြာနေ့တွေက ဆွေမျိုးအိမ်လည်တဲ့ဓလေ့တစ်ခုဖြစ်လာခဲ့ပါတယ်။ ဦးစွာ အဘွားအိမ်ကို သွားရောက်လည်ပတ်ခြင်း၊ အဲဒီနောက် သူတို့အဒေါ်အိမ်ကိုသွားရာမှာ ဝမ်းကွဲမောင်နှမတွေဖြစ်တဲ့ ပီတာ (Peter)၊ လင်ဒန် (Lyndon) ၊ ရက်စ်ရိုက် (Russ Rive) တို့နဲ့ တွေ့ရပါတယ်။ ကလေး ၅ ဦးဟာ စွန့်စားခန်းတွေနဲ့ ပုန်ကန်တတ်တဲ့စိတ်ဓာတ်ကိုမျှဝေကာ ခိုင်မြဲတဲ့ဆက်ဆံရေး တည်ဆောက်ခဲ့ပါတယ်။ သူတို့ဟာ ဂီတပွဲတော်တွေဆီ လျှို့ဝှက်စွာသွားရောက်ခြင်း၊ ဂျိုဟန်နက်စ်ဘတ်မြို့ရှိ အသားအရောင်



အီလွန်နဲ့ သူ့ညီကင်ဘယ်လ်


mgyoe.com

ခွဲခြားမှု ဆန့်ကျင်ရေးလှုပ်ရှားမှုတွေကိုတောင် တက်ရောက်ခဲ့ပြီး တစ်ခါတစ်ရံ အကြမ်းဖက်မှုတွေကို မျက်မြင်ကိုယ်တိုင် ကြုံတွေ့ခဲ့ပါတယ်။ ကင်ဘယ်လ်က ''အကြမ်းဖက်မှုကို မပုန်းရှောင်ခဲ့ဘူး။ ဒါကို ကျော်လွှားတတ်သူတွေ ဖြစ်လာခဲ့တယ်''လို့ ပြန်လည်သုံးသပ်ကာ ဒီအတွေ့အကြုံတွေက သူတို့ရဲ့စိတ်ဓာတ်ကြံ့ခိုင်မှုကို ပုံသွင်းပေးခဲ့ကြောင်း ဖွင့်ဟခဲ့ပါတယ်။

ငယ်စဉ်ကတည်းက အီလွန်ဟာ ဘာကိုမှမကြောက်ရွံ့သူဖြစ်ပါတယ်။ သူ့ထက်အသက်ကြီးပြီး ကိုယ်ခန္ဓာကြီးမားသူတွေကိုတောင် ရင်ဆိုင်ခဲ့ပါတယ်။ ပီတာရိုက်က ''သူ့ဆုံးဖြတ်ချက်တွေကို ကြောက်ရွံ့မှုနဲ့ မထိန်းချုပ်တာက သူ့ရဲ့အဓိကလက္ခဏာ''လို့ ပြောကြားခဲ့ပါတယ်။ ဒီစရိုက်လက္ခဏာတွေဟာ နောင်မှာ နိုင်ငံရေးအပါအဝင် ရှုပ်ထွေးတဲ့စနစ်တွေကို စိန်ခေါ်ဖို့၊ အာဏာဖွဲ့စည်းပုံတွေကို ပြုပြင်ပြောင်းလဲဖို့ သူ့ရဲ့စိတ်အားထက်သန်မှုအတွက် အရေးပါတဲ့ အခြေခံဖြစ်လာခဲ့ပါတယ်။

## သိပ္ပံနှင့် ဝတ္ထုဖတ်လမ်းများကို လေ့လာသောကျောင်းသား

ကျောင်းမှာ အီလွန်ဟာ အာရုံစူးစိုက်မှုကို ရုန်းကန်ခဲ့ရပေမဲ့ ကြိုးစားတဲ့ကျောင်းသားတစ်ဦး ဖြစ်ပါတယ်။ ဆရာတွေက သူ့ရဲ့ သင်္ချာဘာသာကို လျင်မြန်စွာနားလည်နိုင်စွမ်းကို သတိပြုမိပေမဲ့လဲ စိတ်ကူးယဉ်တတ်တဲ့ အလေ့အထနဲ့ အိမ်စာတွေကို အချိန်မီ မပြီးမြောက်နိုင်ခြင်းတို့ကြောင့် စိတ်ပျက်လေ့ရှိခဲ့ပါတယ်။ အများပြည်သူအထက်တန်းကျောင်းမှာ အနိုင်ကျင့်ခံရပြီးနောက် အီလွန်ဟာ ပရီတိုးရီးယားယောက်ျားလေးအထက်တန်းကျောင်းကို ပြောင်းရွှေ့ခဲ့ပါတယ်။ အဲဒီကျောင်းဟာ ယူနီဖောင်းဝတ်ဆင်ရခြင်း၊ ကြိမ်လုံးဖြင့် အပြစ်ပေးခြင်း၊ ဘုရားဝတ်ပြုချိန်တွေကို မဖြစ်မနေ တက်ရောက်ရတဲ့စည်းကမ်းတင်းကျပ်တဲ့ ပုဂ္ဂလိကကျောင်း ဖြစ်ပါတယ်။ အဲဒီနေရာမှာ သူဟာ ရူပဗေဒလို ဘာသာရပ်တွေမှာ ထူးချွန်ခဲ့ပေမဲ့လဲ အာဖရိကန် (တောင်အာဖရိကဘာသာစကား) နဲ့ ဘာသာရေးဘာသာရပ်တွေကို အဓိပ္ပာယ်မရှိဘူးလို့ ယူဆခဲ့ပါတယ်။

အားလပ်ချိန်တွေမှာ အီလွန်ရဲ့စူးစမ်းလိုစိတ်ဟာ သူ့ကို ဒုံးပျံတွေ၊ ဓာတုပစ္စည်းတွေဖြင့် စမ်းသပ်မှုတွေ ပြုလုပ်စေခဲ့ပါတယ်။ သိပ္ပံနည်းကျ စိတ်ဝင်စားမှုနဲ့ လူငယ်စွန့်စားမှုတို့ ပေါင်းစပ်ကာ သေးငယ်တဲ့ ပေါက်ကွဲစေနိုင်တဲ့ပစ္စည်းတွေကို တည်ဆောက်ခဲ့ပါတယ်။ သူဟာ မှော်အတတ်ပညာကိုပါ စမ်းသပ်လေ့လာခဲ့ပြီး တစ်ကြိမ်မှာ သူ့ညီမကို အိပ်မွေ့



mgyoe.com

ချကာ ခွေးတစ်ကောင်အဖြစ် ယုံကြည်စေခဲ့ပါတယ်။ အဲဒီနောက် ညီမဖြစ်သူကို ဝက်သားဆားနယ်ခြောက် စားခိုင်းခဲ့တာအထိ ဖြစ်သွားခဲ့ပါတယ်။

သိပ္ပံနဲ့ မော်ပညာထက်ကျော်လွန်ပြီး အီလွန်ဟာ စာဖတ်ခြင်းအပေါ် စွဲလမ်းမှုကို ဆက်လက်ထိန်းသိမ်းထားခဲ့ပါတယ်။ ရုပ်ပြကာတွန်းစာအုပ်တွေ၊ သိပ္ပံစိတ်ကူးယဉ်ဝတ္ထုတွေကို အငမ်းမရ ဖတ်ရှုခဲ့ပါတယ်။ စွယ်စုံကျမ်းတွေနဲ့ တီထွင်မှုတွေအကြောင်း စာအုပ်တွေကိုလဲ နှစ်ခြိုက်စွာ လေ့လာခဲ့ပါတယ်။ အဲဒီစာအုပ်တွေထဲက တစ်အုပ်မှာ *အိုင်းယွန်းထရပ်စတာ (Ion Thruster) အကြောင်း ဖတ်ရှုရတဲ့အခါ အဲဒီအကြောင်းအရာဟာ သူ့ရဲ့စိတ်ကူးစိတ်သန်းကို မီးမောင်းထိုးပေးခဲ့ပြီး အာကာသစူးစမ်းလေ့လာရေးဆိုင်ရာ အနာဂတ်မျှော်လင့်ချက်တွေနဲ့ အစပျိုးဖြစ်ခဲ့ပါတယ်။

အဲဒါအပြင် စူပါဟီးရိုးတွေရဲ့ အထူးစွမ်းအားတွေ၊ ကမ္ဘာကြီးကို ကယ်တင်လိုတဲ့ စိတ်ဓာတ်တွေဟာ သူ့ကို စွဲမက်စေခဲ့ပါတယ်။ တရားမျှတမှုအတွက် အဲဒီဇာတ်လိုက်တွေရဲ့ မတွန့်မဆုတ်အားထုတ်မှုတွေဟာ ကမ္ဘာကိုပြောင်းလဲလိုတဲ့ အီလွန်ရဲ့စိတ်ကူးတွေကို စေ့ဆော်ပေးခဲ့ပါတယ်။

## အဖြေများကိုရှာဖွေခြင်း

အရွယ်မရောက်သေးတဲ့ လူငယ်ဘဝကတည်းက အီလွန်မက်စ်ဟာ ဘဝနဲ့ စကြဝဠာအကြောင်း စိတ်ဝင်စားဖွယ်မေးခွန်းတွေ မေးလေ့ရှိခဲ့ပါတယ်။ သူ့အမေ မေးလ်က သူ့ကို ဘုရားကျောင်းကိုခေါ်သွားပေမဲ့ အီလွန်က သမ္မာကျမ်းထဲက ပုံပြင်တွေကို နားလည်ဖို့ ခက်ခဲခဲ့ပါတယ်။ ဥပမာ–ပင်လယ်ကိုနှစ်ခြမ်းခွဲတဲ့အကြောင်းလိုအရာတွေကို ဆင်ခြင်တုံတရားနဲ့ ရှင်းပြချက်မရှိဘဲ သူနားလည်လို့မရခဲ့ပါဘူး။ ဘုရားကျောင်းတွင်း ဝိညာဉ်ရေးရာ ပူဇော်သဘင်ကိုတောင် "လူသားစားခြင်းဆိုင်ရာ ထူးဆန်းတဲ့ ဥပစာစကား" ဖြစ်နိုင်သလားလို့ သံသယဖြင့် ထူးဆန်းတယ်လို့ထင်မြင်ခဲ့ပါတယ်။ နောက်ဆုံးမှာ အီလွန်ရဲ့ မိခင်က သူ့ကို ဘုရားကျောင်းသွားဖို့ မလွှတ်တော့ဘဲ အိမ်မှာပဲ နေခွင့်ပြုခဲ့ပါတယ်။ အဲဒီနောက် သူက အဖြေတွေကို စာအုပ်တွေထဲမှာ ရှာဖွေခဲ့ပါတယ်။

---

* အိုင်းယွန်းတွန်းအားစနစ် (သို့) အိုင်းယွန်းထရပ်စတာအင်ဂျင် (Ion Thruster) ဟာ အာကာသယာဉ်တွေကို မောင်းနှင်ဖို့ အသုံးပြုတဲ့ လျှပ်စစ်စွမ်းအင်သုံး တွန်းကန်နည်းပညာ တစ်မျိုးဖြစ်ပါတယ်။ ဒီနည်းပညာဟာ ရိုးရာလောင်စာသုံး ဒုံးပျံတွေထက် စွမ်းအင်ထိရောက်မှု မြင့်မားပြီး ရေရှည်အာကာသခရီးတွေအတွက် သင့်လျော်ပါတယ်။



mgyoe.com

သူ့ဖခင်အဲရောလ်ကတော့ လူသားတို့ရဲ့ နားလည်နိုင်စွမ်းကိုကျော်လွန်တဲ့ အရာတွေရှိတယ်လို့ ယုံကြည်ခဲ့ပါတယ်။ ဒါပေမဲ့ အီလွန်က သိပ္ပံကို ပိုမိုနှစ်သက်ခဲ့ပါတယ်။ သူက အရာရာတိုင်းရဲ့အလုပ်လုပ်ပုံကို ရှင်းလင်းတဲ့ ရှင်းလင်းချက်တွေ လိုချင်ခဲ့ပါတယ်။ ဒါပေမဲ့ သိပ္ပံပညာကတောင် "ကျွန်ုပ်တို့ ဘာကြောင့်ရှင်သန်နေရသလဲ၊ စကြဝဠာဆိုတာ ဘာလဲ"စသဖြင့် မဖြေရှင်းနိုင်တဲ့မေးခွန်းတွေကို ချန်ထားခဲ့ပါတယ်။ ဒီအရာတွေက သူ့ကို ဘဝဆိုတာ အဓိပ္ပာယ်ရှိပါသလားလို့ မေးခွန်းထုတ်စေပြီး စိတ်ပူပန်မှုနဲ့ ရှုပ်ထွေးမှုတွေကို ဖြစ်စေခဲ့ပါတယ်။

အီလွန်က အဖြေရှာရဖို့အတွက် စာအုပ်များစွာကို ဖတ်ခဲ့ပါတယ်။ သူက ဒဿနိကဗေဒစာအုပ်တွေနဲ့ စတင်ခဲ့ပေမဲ့လဲ အဲဒီစာအုပ်တွေက သူ့ကို ပိုလို့တောင် လမ်းပျောက်စေခဲ့ပါတယ်။ နောက်ပိုင်းမှာ သိပ္ပံစိတ်ကူးယဉ်စာအုပ်တွေကို ရှာဖွေတွေ့ရှိခဲ့ပြီး အဲဒီအခါမှာ သက်သောင့်သက်သာနဲ့ စေ့ဆော်မှုကို ရရှိခဲ့ပါတယ်။ ရောဘတ်ဟိုင်းလိုင်း (Robert Heinlein) နဲ့ အိုင်ဆက်အဆီမော့ဗ် (Isaac Asimov) တို့လို စာရေးဆရာတွေဟာ သူ့အကြိုက်ဆုံးဖြစ်လာခဲ့ပါတယ်။ နည်းပညာဖြင့် အရာရာကိုပြောင်းလဲနိုင်တဲ့ အနာဂတ်ကမ္ဘာကို အဲဒီစာအုပ်တွေက သူ့ကိုပြသခဲ့ပါတယ်။ သူအကြိုက်ဆုံးစာအုပ်တစ်အုပ်မှာ ဟိုင်းလိုင်းရဲ့ 'The Moon is a Harsh Mistress' ဖြစ်ပြီး လပေါ်ရှိ စူပါကွန်ပျူတာနဲ့ ပုန်ကန်မှုအကြောင်း ဇာတ်လမ်းဖြစ်ပါတယ်။ အဲဒီစာအုပ်က ဉာဏ်ရည်တု (AI) ရဲ့အလားအလာနဲ့ အန္တရာယ်တွေအကြောင်း သူ့ကိုတွေးတောစေခဲ့ပြီး နောက်ပိုင်းမှာ သူ့ကိုယ်ပိုင်လုပ်ငန်းတွေကို ဩဇာလွှမ်းခဲ့ပါတယ်။

အဆီမော့ဗ်ရဲ့ 'Foundation Series' စာအုပ်ကလဲ သူ့အပေါ် သက်ရောက်မှုရှိခဲ့ပါတယ်။ Zeroth Law of Robotics ကို အထူးစိတ်ဝင်စားခဲ့ပါတယ်။ အဲဒီဥပဒေအရ "စက်ရုပ်တွေဟာ လူသားတွေကို ဘယ်သောအခါမှ ထိခိုက်အောင် မလုပ်ရ"လို့ ဆိုထားပါတယ်။ ဒဂလပ်စ်အဒမ်စ် (Douglas Adams) ရဲ့ 'The Hitchhiker's Guide to the Galaxy' စာအုပ်ကလဲ သူ့ကို ကြီးမားတဲ့အထင်ကြီးမှုကို ဖြစ်စေခဲ့ပါတယ်။ အာကာသခရီးသွားခြင်းနဲ့ ဘဝရဲ့အဓိပ္ပာယ်အကြောင်းပါတဲ့ ဒီဇာတ်လမ်းက သူ့ကို သင်ကြားပေးခဲ့တာကတော့ **အကြီးမားဆုံးမေးခွန်းတွေရဲ့ အဖြေတွေဟာ ရိုးရှင်းပြီး မထင်မှတ်နိုင်လောက်အောင် ဖြစ်နိုင်သလို၊ ဒါမှမဟုတ် အဖြေမရှိနိုင်ဘူး** ဆိုတာပါပဲ။ တချို့မေးခွန်းတွေက အဖြေမရှိသေးတဲ့တိုင် လူသားအသိပညာနဲ့ သိမြင်မှု


mgyoe.com

mgyoe.com SAMPLE BOOK

စွမ်းရည်ကိုချဲ့ထွင်ဖို့ အရေးကြီးကြောင်း ဒီစာအုပ်က သင်ပေးခဲ့ပါတယ်။ ဒီအယူအဆဟာ အီလွန်ရဲ့ရည်မှန်းချက်ဖြစ်တဲ့ လူသားမျိုးနွယ်ကို အာကာသသွားယာဉ်တွေနဲ့ အခြေချနိုင်တဲ့ အဖွဲ့အစည်းအဖြစ် တည်ဆောက်ရေးမှာ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။ သိပ္ပံ စိတ်ကူးယဉ်စာအုပ်တွေက အီလွန်ရဲ့ စိတ်ကူးစိတ်သန်းကို နှိုးဆွပေးခဲ့ပြီး နည်းပညာအပေါ် စိတ်အားထက်သန်မှုကို ဖြစ်စေခဲ့ပါတယ်။ အဲဒီနောက် သူဟာ ကွန်ပျူတာနဲ့ ပရိုဂရမ် ရေးသားခြင်းလောကကို စူးစမ်းလေ့လာခဲ့ပါတယ်။

## ကွန်ပျူတာနှင့် ဂိမ်းလောက

အီလွန်မက်စ်က ဈေးဝယ်စင်တာတစ်ခုမှာ ကွန်ပျူတာကို ပထမဆုံးမြင်တဲ့အခါ အဲဒီအရာကို ပိုင်ဆိုင်ဖို့လိုအပ်ကြောင်း သိခဲ့ပါတယ်။ ဒါပေမဲ့ သူ့ဖခင် အဲရောလ်က ကွန်ပျူတာတွေဟာ အချိန်ဖြုန်းတဲ့အရာသာ ဖြစ်တယ်လို့ ယူဆခဲ့ပါတယ်။ အီလွန်ဟာ စိတ်အားထက်သန်စွာဖြင့် ငွေစုပြီး 'Commodore VIC - 20' ကွန်ပျူတာကို ဝယ်ယူခဲ့ ပါတယ်။ အဲဒီကွန်ပျူတာနဲ့အတူ ပရိုဂရမ်ရေးသားနည်းသင်တန်းပါဝင်ပြီး အီလွန်က ၃ ရက်အတွင်း သင်ခန်းစာအားလုံးကို ပြီးမြောက်အောင် လုပ်ဆောင်ခဲ့ပါတယ်။ ပရိုဂရမ် ရေးသားခြင်းကို ကိုယ်တိုင်ဆက်လက်လေ့လာကာ သူ့ရဲ့ ပထမဆုံးသော ဗီဒီယိုဂိမ်း ဘလက်စတား (Blastar) ကိုဖန်တီးခဲ့ပါတယ်။ အဲဒီဂိမ်းကို သူ့အသက် ၁၃ နှစ်အရွယ်မှာ ရေးသားခဲ့ပြီး ပထမဆုံးအကြိမ် ထုတ်ဝေခွင့်ရကာ ဒေါ်လာ ၅၀၀ ငွေပမာဏကို ရရှိခဲ့ ပါတယ်။ ဒီအရာဟာ သူ့ရဲ့တီထွင်ဖန်တီးမှုလောကကို အစပြုခြင်းလဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အိမ်တွင်းမှာ ဘဝဟာ ခက်ခဲခဲ့ပါတယ်။ အီလွန်ရဲ့ဖခင် အဲရောလ်ဟာ စိတ်အပြောင်းအလဲမြန်သူဖြစ်ပြီး တစ်ခါတစ်ရံ ကြင်နာပေမဲ့လဲ တစ်ခါတစ်ရံမှာ ကြမ်းတမ်းကာ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်မှုတွေ ပြုလုပ်တတ်ပါတယ်။ ဒီအခြေအနေတွေက အီလွန်ရဲ့ စိတ်ပိုင်းဆိုင်ရာကို နက်ရှိုင်းစွာထိခိုက်စေခဲ့ပြီး သူ့ပင်ကိုစရိုက်ကိုပါ လွှမ်းမိုးခဲ့ ပါတယ်။ သူ့ဖခင်ရဲ့ အပြုအမူတွေကြောင့် အီလွန်လဲ တစ်ခါတစ်ရံ စိတ်အပြောင်းအလဲ မြန်တာတွေ ဖြစ်တတ်လေ့ရှိပါတယ်။ မကြာမီမှာပဲ တိုင်းပြည်က ထွက်သွားသင့်ပြီဆိုတာ သူ သဘောပေါက်လာတယ်။ တောင်အာဖရိကနေ လွတ်မြောက်ရေးဟာ သူ့ရဲ့ရည်မှန်း ချက်ထက် ပိုပါတယ်။ ဒါဟာ သူ့ရဲ့ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်အတွက် လမ်းစတစ်ခုပါပဲ။


mgyoe.com

**ကမ္ဘာ့အသစ်နှင့် ကန့်သတ်အရင်းအမြစ်များ**

**လူအများစုက အီလွန်ဟာ သူ့ဖခင်ဆီကငွေကြေးများစွာနဲ့ မြောက်အမေရိကကို ရောက်ရှိလာတယ်လို့ ထင်မြင်ကြပါတယ်။ ဒါပေမဲ့ အဲဒီကိစ္စက မှားယွင်းတဲ့ အယူအဆ ဖြစ်ပါတယ်။ တကယ်တော့ သူဟာ လုံးဝနီးပါး ငွေကြေးမရှိဘဲ စတင်ခဲ့တာပါ။** မိဘနှစ်ပါးက ဒေါ်လာ ၂,၀၀၀ စီပေးခဲ့ပြီး မွန်ထရီရယ်မြို့ (Montreal) ကို ရောက်ရှိချိန်မှာ အဲဒီငွေပမာဏသာ ရှိခဲ့ပါတယ်။ သူ့မှာမတွေ့ဖူးတဲ့ ဆွေမျိုးတွေရဲ့ လိပ်စာစာရင်းတစ်ခုသာ ပါခဲ့ပါတယ်။ မွန်ထရီရယ်မြို့ကိုရောက်တဲ့အခါ အစီအစဉ်အတိုင်း မဖြစ်ခဲ့ပါဘူး။ သူနေထိုင်ရမဲ့ဆွေမျိုးတွေဟာ နေရပ်ပြောင်းသွားခဲ့ပါပြီ။ အီလွန်ဟာ လူငယ်တွေနေထိုင်ရာ အဆောင်တစ်ခုမှာ နေခဲ့ရပါတယ်။ တောင်အာဖရိကမှာ လုံခြုံရေးစိုးရိမ်နေရတဲ့ဘဝနဲ့နှိုင်းယှဉ်ရင် အဲဒီနေရာဟာ လုံခြုံမှုရှိတယ်လို့ ခံစားရတဲ့အတွက် သူအံ့သြခဲ့ပါတယ်။

အီလွန်ဟာ ဘတ်စ်ကားလက်မှတ်ဝယ်ကာ ဆက်စခန်ချေဝမ်မြို့ (Saskatchewan) ရှိ ဝမ်းကွဲဆွေမျိုးတွေနဲ့တွေ့ဖို့ ကနေဒါတစ်လွှား ခရီးထွက်ခဲ့ပါတယ်။ ခရီးရှည်ကြီးဖြစ်ပြီး ငွေအိတ်ပါတဲ့ ခရီးဆောင်အိတ်ကိုတောင် ဆုံးရှုံးခဲ့ရပါတယ်။ သူ့မှာ ကျန်ရှိတဲ့ အနည်းငယ်သောငွေနဲ့သာ ရပ်တည်ခဲ့ရပါတယ်။

ဆွေမျိုးတွေဆီရောက်တဲ့အခါ အီလွန်ဟာ လယ်ယာလုပ်ငန်းမှာ အလုပ်လုပ်ခဲ့ပါတယ်။ အဲဒီနေရာမှာ သူ့ရဲ့ ၁၈ နှစ်မြောက်မွေးနေ့ကိုကျင်းပခဲ့ပြီးနောက် အလုပ်ရှာဖို့ ဗန်ကူးဗားမြို့ (Vancouver) ကို ပြောင်းရွှေ့ခဲ့ပါတယ်။ သစ်သားစက်ရုံတစ်ရုံမှာ ဘွိုင်လာအိုးတွေ သန့်ရှင်းရတဲ့အလုပ်ကို လုပ်ကိုင်ခဲ့ရပါတယ်။ ပူပြင်းပြီး အန္တရာယ်များတဲ့ ပတ်ဝန်းကျင်မှာ ခက်ခဲတဲ့အလုပ်ဖြစ်ပေမဲ့လဲ လုပ်အားခကောင်းခဲ့ပါတယ်။ ဒီအတွေ့အကြုံဟာ အီလွန်ကို ခက်ခဲတဲ့လုပ်ငန်းခွင် အခြေအနေတွေကို သိရှိစေခဲ့ပြီး နောက်ပိုင်းမှာ သူပါဝင်တဲ့လုပ်ငန်းတွေကို မြှင့်တင်ဖို့ စေ့ဆော်ပေးခဲ့ပါတယ်။

အီလွန်မက်စ်မိခင် မေးလ်နဲ့ ညီမဖြစ်သူ တော်စ်ကာတို့ ပထမဆုံးအကြိမ် တိုရွန်တိုမြို့ (Toronto) ကို ပြောင်းရွှေ့လာချိန်မှာ ဘဝဟာခက်ခဲခဲ့ပါတယ်။ သူတို့အားလုံး အိပ်ခန်းတစ်ခုပါတဲ့ အခန်းငယ်လေးတစ်ခုမှာ နေထိုင်ခဲ့ကြရပါတယ်။ မေးလ်က အလုပ်မျိုးစုံလုပ်ကိုင်ခဲ့ပြီး အီလွန်ကလဲ အလုပ်သင်တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ သူတို့ရဲ့ဘဝတွေတိုးတက်လာခဲ့ပြီး အနည်းငယ်ကြီးမားတဲ့အခန်းတစ်ခုကို


mgyoe.com

mgyoe.com
SAMPLE BOOK

ပြောင်းရွှေ့နိုင်ခဲ့ပေမဲ့လဲ ငွေကြေးကို သတိထားသုံးစွဲခဲ့ရပါတယ်။ သူတို့အတွက် အရေးကြီးဆုံးသော ဦးစားပေးအရာတစ်ခုမှာ အီလွန့်အတွက် ကွန်ပျူတာတစ်လုံး ဝယ်ယူပေးဖို့ ဖြစ်ပါတယ်။

အဲဒီကာလက အီလွန်မှာ မိတ်ဆွေအများအပြားမရှိခဲ့ပါဘူး။ သူဟာ အချိန်အများစုကို စာဖတ်ခြင်းနဲ့ နည်းပညာလေ့လာခြင်းဖြင့် ကုန်ဆုံးခဲ့ပါတယ်။ ညီမနဲ့အတူ အပြင်ထွက်တဲ့အခါမှာတောင် ညီမက သူ့ကို သူနဲ့ ၁၀ ပေအကွာမှာနေဖို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ရှက်တတ်ပေမဲ့လဲ အီလွန်ဟာ နောက်ပိုင်းမှာ သူ့အလုပ်အကိုင်အတွက် အထောက်အကူဖြစ်စေမဲ့ လူမှုရေးစွမ်းရည်နဲ့ နည်းဗျူဟာတွေကို သင်ယူနေခဲ့ပါတယ်။

တက္ကသိုလ်တက်ဖို့ အချိန်ရောက်တဲ့အခါ အီလွန်ဟာ ကွင်းစ်တက္ကသိုလ် (Queen's University) ကို ရွေးချယ်ခဲ့ပါတယ်။ တခြားတက္ကသိုလ်တစ်ခုမှာ ပိုကောင်းတဲ့ အင်ဂျင်နီယာပညာရပ်ရှိပေမဲ့ လူမှုရေးအတွေ့အကြုံကောင်းတွေရရှိဖို့ ကွင်းစ်မှာတက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ကွင်းစ်မှာ * နဗိတ်ဖာရုက် (Navaid Farooq) နဲ့ တွေ့ဆုံခဲ့ပြီး သိပ္ပံစိတ်ကူးယဉ်ဇာတ်လမ်းတွေ၊ စားပွဲတင်ဂိမ်းတွေ၊ ကွန်ပျူတာတွေကို စိတ်ဝင်စားမှု တူညီတဲ့အတွက် ရင်းနှီးတဲ့မိတ်ဆွေ ဖြစ်လာခဲ့ပါတယ်။ အီလွန့်အတွက် မိသားစုပြင်ပမှာ ပေါင်းသင်းစရာလူရှိလာပြီလို့ခံစားရတဲ့ ပထမဆုံးအခိုက်အတန့်ဖြစ်တဲ့အတွက် ဒီခင်မင်မှုက အရေးပါပါတယ်။

အီလွန်ဟာ Civillization နဲ့ Warcraft တို့လို စားပွဲတင်ဂိမ်းတွေနဲ့ ကွန်ပျူတာဂိမ်းတွေကို ကစားဖို့ ကြိုက်နှစ်သက်ခဲ့ပါတယ်။ အဲဒီဂိမ်းတွေက သူ့ကို အရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ ပြဿနာဖြေရှင်းနည်းတွေကို သင်ကြားပေးခဲ့ပြီး စီးပွားရေးနည်းဗျူဟာဂိမ်းတစ်ခုကို အမြဲအနိုင်ရအောင် ဖြေရှင်းနည်းကိုတောင် သူရှာဖွေတွေ့ရှိခဲ့ပါတယ်။

နွေရာသီတစ်ခုမှာ အီလွန်နဲ့ သူ့ညီဟာ ပီတာနီကိုဆန် (Peter Nicholson) လို့ခေါ်တဲ့ ဘဏ်အမှုဆောင်တစ်ဦးဆီ ဖုန်းဆက်ကာ အလုပ်တောင်းခံခဲ့ပါတယ်။ သူတို့ဟာ အလုပ်ရရှိခဲ့ပြီး ဒီအခွင့်အလမ်းက အီလွန်ကို စီမံခန့်ခွဲရေးမှာကျွမ်းကျင်တဲ့ နီကိုဆန်ဆီက သင်ယူစရာတွေ ရစေခဲ့ပါတယ်။

---

* နဗိတ်ဖာရုက် (Navaid Farooq) ဟာ ပါကစ္စတန်–ကနေဒီယန်လူမျိုးဖြစ်ပြီး မက်စ်က Zip 2 အတွက် အလုပ်ကမ်းလှမ်းတော့ ၆ ပတ်ပဲလုပ်ပြီး အလုပ်ထွက်သွားသူဖြစ်ပါတယ်။ ''အီလွန်နဲ့ အလုပ်တွဲလုပ်တာ (သို့) သူငယ်ချင်းလုပ်နိုင်တယ်။ နှစ်ခုလုံးတော့ မလုပ်နိုင်ဘူး''လို့ ဖာရုက်က ပြောပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## နည်းပညာအသစ်များကိုရှာဖွေခြင်း

၁၉၉၀ ပြည့်နှစ်တွေမှာ ထိပ်ပိုင်းတက္ကသိုလ်တွေမှာတက်တဲ့ တော်တဲ့ကျောင်းသားတွေအတွက် ရွေးချယ်စရာနှစ်ခု ရှိပါတယ်။ ဝေါလ်ထရိ (Wall Street) မှာ ဘဏ္ဍာရေးကို လေ့လာမလား၊ စိတ်လှုပ်ရှားဖွယ် ဆီလီကွန်တောင်ကြား (Silicon Valley) မှာ နည်းပညာကို လေ့လာမလားဆိုတဲ့နှစ်ချက်ပါပဲ။ အဲဒီအချိန်က ပန်ဆန်ဗေးနီးယား (Pennsylvania) တက္ကသိုလ်မှာ တက်ရောက်နေတဲ့ အီလွန်မက်စ်အတွက် ဘဏ္ဍာရေးကို လေ့လာဖို့ အခွင့်အရေးရပေမဲ့ သူက စိတ်မဝင်စားခဲ့ပါဘူး။ သူက ဘဏ္ဍာရေးလုပ်ငန်းတွေဟာ လူ့အဖွဲ့အစည်းအတွက် ကြီးမားတဲ့အကျိုးသက်ရောက်မှုမရှိလို့ ယုံကြည်ကာ စီးပွားရေးလေ့လာမဲ့ တခြားကျောင်းသားတွေနဲ့ မဆက်သွယ်ခဲ့ပါဘူး။

အီလွန်က နည်းပညာအသစ်တွေ နေ့တိုင်းမွေးဖွားနေတဲ့ ဆီလီကွန်တောင်ကြားကိုသာ မျက်စိကျခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ ကုမ္ပဏီနှစ်ခုမှာ သူ အလုပ်သင်လုပ်ပါတယ်။ ကုမ္ပဏီတစ်ခုက လျှပ်စစ်ယာဉ်တွေအတွက် နည်းပညာတွေဖန်တီးပေးနေတာဖြစ်ပြီး နောက်တစ်ခုကတော့ ဗီဒီယိုဂိမ်းကုမ္ပဏီပါ။ လျှပ်စစ်ယာဉ်နည်းပညာဖွံ့ဖြိုးရေးလုပ်ကိုင်နေတဲ့ ကုမ္ပဏီတစ်ခုမှာ စွမ်းအားမြင့် Capacitors (လျှပ်စစ်စွမ်းအင်သိုလှောင်တဲ့ပစ္စည်း) တွေကို လေ့လာခဲ့ပြီး ခေတ်သစ်စွမ်းအင်သိုလှောင်မှု၊ လျှပ်စစ်ကားတွေနဲ့ အာကာသလက်နက်တွေအထိ ပြောင်းလဲနိုင်မဲ့ အလားအလာကိုမြင်ခဲ့ပါတယ်။ ဒီအတွေ့အကြုံဟာ သူ့ကို စွမ်းအင်ဆိုင်ရာ ဖြေရှင်းနည်းတွေကို စဉ်ဆက်မပြတ် စိတ်ဝင်စားလာစေခဲ့ပါတယ်။

ဗီဒီယိုဂိမ်းကုမ္ပဏီမှာက သူ့ကို ဂရပ်ဖစ်နဲ့ အန်နီမေးရှင်းဆိုင်ရာ ပရိုဂရမ်ရေးသားမှု စိန်ခေါ်မှုတစ်ခုကို ဖြေရှင်းဖို့ တာဝန်ပေးခံရပါတယ်။ မက်စ်က ဒီပြဿနာကို ရအောင်ဖြေရှင်းမယ်လို့ ဆုံးဖြတ်ချက်ချပါတယ်။ ပြီးတော့ အင်တာနက်ကနေ နည်းလမ်းတွေကို ရှာဖွေကာ မပျက်မကွက်ကြိုးစားပြီး နောက်ဆုံးမှာ ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပါတယ်။ ကုမ္ပဏီက သူ့ရဲ့ဖွဲ့နဲ့ ကျွမ်းကျင်မှုကို အထင်ကြီးသွားပြီး အချိန်ပြည့်အလုပ်တစ်ခု ကမ်းလှမ်းခဲ့ပေမဲ့လဲ သူ့မှာ ပိုကြီးမားတဲ့အိပ်မက်တွေ ရှိနေခဲ့ပါတယ်။ ကမ္ဘာကြီးကို ပိုမိုကြီးမားတဲ့ သက်ရောက်မှုရှိမဲ့အရာတစ်ခုကို သူက လုပ်ဆောင်ချင်နေခဲ့တာပါ။

## အင်တာနက်အရှိန်အဟုန်မြင့်တက်လာခြင်း

အီလွန်က အနာဂတ်အတွက် ရှင်းလင်းတဲ့မျှော်မှန်းချက် ရှိခဲ့ပါတယ်။ သူက အင်တာနက်၊ စဉ်ဆက်မပြတ် စွမ်းအင်အရင်းအမြစ်နဲ့ အာကာသခရီးသွားလာရေးတို့ကို

mgyoe.com

mgyoe.com
SAMPLE BOOK

ကမ္ဘာကို ပြောင်းလဲမယ်လို့ ယုံကြည်ခဲ့ပါတယ်။ ကောလိပ်ပြီးတဲ့နောက် သူဟာ စတန်းဖို့ဒ်တက္ကသိုလ်မှာ အဆင့်မြင့်စွမ်းအင်သိုလှောင်မှုကို လေ့လာဖို့ စီစဉ်ခဲ့ပေမဲ့လဲ အင်တာနက်လောက အလျင်အမြန်ကြီးထွားလာနေတာကို သတိပြုမိခဲ့ပါတယ်။ ဒီအခွင့်အလမ်းကို လက်လွတ်မခံလိုတဲ့အတွက် သူဟာ စတန်းဖို့ဒ်တက်ဖို့ ရွေးချယ်မှုကို ရွှေ့ဆိုင်းခဲ့ပါတယ်။

အီလွန်နဲ့ သူ့ညီဟာ အွန်လိုင်းလုပ်ငန်း လမ်းညွှန်စနစ်အသစ်တစ်ခုကို စတင်တွေးခေါ်ခဲ့ပါတယ်။ အဲဒီစနစ်ဟာ စီးပွားရေးလုပ်ငန်းတွေရဲ့ အချက်အလက်တွေကို မြေပုံဆော့ဖ်ဝဲလ်နဲ့ ပေါင်းစပ်ကာ လွယ်ကူစွာရှာဖွေနိုင်အောင် လုပ်မှာဖြစ်ပြီး 'Virtual City Navigator' လို့ အမည်ပေးခဲ့ပါတယ်။

အီလွန်မက်စ်ဟာ စတန်းဖို့ဒ်တက္ကသိုလ် တက်ရောက်ဖို့အစီအစဉ်ကို ခဏတာ ရွှေ့ဆိုင်းထားခဲ့ပြီး သူ့ရဲ့စွန့်ဦးတီထွင်လုပ်ငန်းအပေါ် အာရုံစိုက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူတို့ညီအစ်ကိုနှစ်ယောက်က ပါလိုအာတိုမြို့ (Palo Alto) ဆီပြောင်းရွှေ့ပြီး သူတို့စိတ်ကူးကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

## Zip 2 ရဲ့အစ

၁၉၉၅ ခုနှစ်မှာ အီလွန်နဲ့ သူ့ညီကင်ဘယ်လ်တို့ဟာ ပါလိုအာတိုမြို့ရှိ ရုံးခန်းငယ်တစ်ခုကို ငှားရမ်းခဲ့ပါတယ်။ အဲဒီအခန်းငယ်ထဲမှာ အလုပ်လုပ်ခြင်း၊ စားသောက်ခြင်း၊ အိပ်စက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြပါတယ်။ သူတို့စိတ်ကူးကို အမှန်တကယ် အကောင်အထည်ဖော်ဖို့ စိတ်ပိုင်းဖြတ်ထားခဲ့ပါတယ်။

သူတို့ရည်ရွယ်ချက်မှာ လုပ်ငန်းအချက်အလက်တွေနဲ့ မြေပုံဆော့ဖ်ဝဲလ်ကို ပေါင်းစပ်ထားတဲ့ အွန်လိုင်းလမ်းညွှန်စနစ်တစ်ခုကို တည်ဆောက်ဖို့ဖြစ်ပါတယ်။ အဲဒီအချိန်က ဒီစိတ်ကူးဟာ စံချိန်သစ်တင်နိုင်တဲ့ အယူအဆတစ်ခု ဖြစ်ခဲ့ပါတယ်။ သူတို့မှာ အရင်းအမြစ်နည်းပါးခဲ့ပေမဲ့ Navteq ကုမ္ပဏီကနေ မြေပုံအချက်အလက်တွေအတွက် လိုင်စင်ရအောင် ယူနိုင်ခဲ့ပါတယ်။ ဒါဟာ Zip 2 လို့ နောင်အခါခေါ်တွင်မဲ့ ကုမ္ပဏီရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ ခြေလှမ်းတစ်ခုပါ။

အီလွန်မက်စ်က ၁၉၉၆ ခုနှစ်မှာ Zip 2 ရဲ့ နည်းပညာဆိုင်ရာ မူပိုင်ခွင့်ကို ရရှိခဲ့ပါတယ်။ အခက်အခဲတွေ၊ သံသယတွေနဲ့ ရင်ဆိုင်ခဲ့ရပေမဲ့ အီလွန်နဲ့ ကင်ဘယ်လ်ဟာ ရှေ့ကိုချီတက်ခဲ့ပါတယ်၊ သူတို့ရဲ့ရည်မှန်းချက်တွေ၊ ကြံ့ကြံ့ခံနိုင်မှုတွေ၊ သူတို့စိတ်ကူးအပေါ် ယုံကြည်ချက်တွေနဲ့ အနာဂတ်ဆီ ဆက်လျှောက်နေခဲ့ကြပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## အီလွန်ရဲ့စီးပွားရေးနည်းနာ

အီလွန်မက်စ်က အစကတည်းက သူ့ဖောက်သည်တွေနဲ့ တိုက်ရိုက်ချိတ်ဆက်ချင်တာပါ။ သူနဲ့ဖောက်သည်ကြားမှာ ကြားခံလူခံထားတဲ့ စိတ်ကူးကို သူသဘောမကျပါဘူး။ သူ့ရဲ့ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေကို အတားအဆီးမရှိဘဲ၊ ကြားခံနယ်မရှိဘဲ ဖြန့်ဖြူးချင်တာပါ။ သူ့ရဲ့ဒီစိတ်ကူးကို Zip 2 နဲ့စတင်ပါတယ်။ သူ့ရဲ့စိတ်ကူးက Zip 2 ကို သုံးစွဲသူတွေနဲ့ တိုက်ရိုက်ချိတ်ဆက်နိုင်တဲ့ ပလက်ဖောင်းအဖြစ်မြင်ခဲ့ပေမဲ့ လက်တွေ့မှာ သတင်းစာတွေအတွက် နောက်ကွယ်က ကိရိယာတစ်ခုပဲ ဖြစ်သွားပါတယ်။ လူသိများတဲ့ ကုမ္ပဏီအမှတ်တံဆိပ်တည်ဆောက်ဖို့ စိတ်ကူးထားတဲ့သူ့အတွက် စိတ်ပျက်စရာပါ။ Yahoo တို့၊ AOL တို့လို ကုမ္ပဏီတွေနဲ့ယှဉ်ပြိုင်ဖို့ 'city.com' ဝက်ဘ်ဆိုဒ်ကို ဝယ်ယူဖို့ အကြံပေးခဲ့ပေမဲ့ ဘုတ်အဖွဲ့က စွန့်စားချင်ကြတာ မဟုတ်ပါဘူး။

Zip 2 က ငွေရေးကြေးရေးအတွက် တခြားကုမ္ပဏီကို မှီခိုနေရတာလဲ သူစိတ်ရှုပ်ထွေးပါတယ်။ သူက ငွေကြေးရှာဖွေရေးကစပြီး လုပ်ငန်းလည်ပတ်မှုတွေမှာ ကြားခံတွေက ကိစ္စတွေကို ရှုပ်ထွေးစေတယ်လို့ ခံစားရပါတယ်။ သူက ဆန်းသစ်တီထွင်မှုအတွက် ရိုးရှင်းပြီး တိုက်ရိုက်ချဉ်းကပ်မှုကို ယုံကြည်ပါတယ်။ ပြီးတော့ သူ့ကုမ္ပဏီနဲ့ သူ့ထုတ်ကုန်တွေကို အသုံးပြုတဲ့ ဖောက်သည်တွေကြားက ကြားခံအလွှာကို ဖယ်ရှားပစ်ချင်ခဲ့ပါတယ်။

## စိန်ခေါ်မှုများနှင့် ပဋိပက္ခများ

၁၉၉၈ ခုနှစ်မှာ အင်တာနက်ကုမ္ပဏီအများအပြားဟာ ငွေရှာဖို့ခက်ခဲနေပါတယ်။ Zip 2 ဘုတ်အဖွဲ့ဟာ CitySearch လို့ခေါ်တဲ့ တခြားကုမ္ပဏီတစ်ခုနဲ့ ပေါင်းစည်းဖို့ စဉ်းစားခဲ့ပါတယ်။ ဒါပေမဲ့ အီလွန်မက်စ်က ဒီအကြံကို မနှစ်သက်ခဲ့ပါဘူး။ သူက City Search ရဲ့စီအီးအိုကို ယုံကြည်မှုမရှိတဲ့အတွက် မိမိကုမ္ပဏီရဲ့ ထိန်းချုပ်မှုကိုစွန့်လွှတ်ဖို့ ငြင်းဆန်ခဲ့ပါတယ်။ မက်စ်က ပေါင်းစည်းမှုကိုဆန့်ကျင်ခဲ့ပြီး Zip 2 အင်ဂျင်နီယာ အများစုကလဲ သူ့ကို ထောက်ခံခဲ့ပါတယ်။

ဒီအချက်ဟာ မက်စ်နဲ့ ဘုတ်အဖွဲ့ကြား တင်းမာမှုတွေ ဖြစ်ပေါ်စေခဲ့ပြီး နောက်ဆုံးမှာ သူ့ကို ကုမ္ပဏီရဲ့ဥက္ကဋ္ဌအဖြစ်ကနေ ဖယ်ရှားခဲ့ပါတယ်။ မက်က ရင်းနှီးမြှုပ်နှံသူတွေ (စတင်လုပ်ကိုင်နေတဲ့ လုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံသူတွေ) နဲ့ ပရော်


mgyoe.com

mgyoe.com SAMPLE BOOK

ဖက်ရှင်နယ် စီမံခန့်ခွဲသူတွေဟာ စိတ်ကူးစိတ်သန်းမရှိဘဲ ငွေရှာဖို့သာ အာရုံစိုက်ပြီး ဆန်းသစ်တီထွင်တဲ့ ထုတ်ကုန်တွေကိုဖန်တီးဖို့ အမြင်မရှိဘူးလို့ ယုံကြည်ခဲ့ပါတယ်။ ဒီအမြင်ဟာ သူ့ရဲ့သက်တမ်းတစ်လျှောက် ကျန်ရှိနေခဲ့ပြီး သူဟာ မိမိကုမ္ပဏီတွေကို အမြဲတမ်း အများဆုံးထိန်းချုပ်ဖို့ ကြိုးစားခဲ့ပါတယ်။

၁၉၉၉ ခုနှစ်မှာ Compag Computer က Zip 2 ကို ဒေါ်လာ သန်း ၃၀၀ ကျော်ဖြင့် ဝယ်ယူခဲ့ပါတယ်။ အသက် ၂၈ နှစ်အရွယ် အီလွန်မက်စ်က ဒီအရောင်းအဝယ်ကနေ ဒေါ်လာ ၂၂ သန်း ရရှိခဲ့ပါတယ်။ ဒါဟာ သူ့ရဲ့ ပထမဆုံးသော ကြီးမားတဲ့ ငွေကြေးအောင်မြင်မှု ဖြစ်ပါတယ်။ သူရရှိတဲ့ငွေထဲက တချို့ကို ဈေးကြီးတဲ့ Sport ကားတစ်စီး ဝယ်ယူခဲ့ပေမဲ့လဲ ဒေါ်လာ ၁၂ သန်းကို X.com လို့ခေါ်တဲ့ ကုမ္ပဏီသစ်တစ်ခုမှာ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ဒီကုမ္ပဏီက ဘဏ်လုပ်ငန်းကို တော်လှန်ပြောင်းလဲဖို့ ရည်ရွယ်ခဲ့ပါတယ်။ မက်စ်က လုံး၀ ဒီဂျစ်တယ်ဘဏ်ဝန်ဆောင်မှုကိုလဲ ဖန်တီးလိုခဲ့ပါတယ်။ ဒီကုမ္ပဏီဟာ နောက်ပိုင်းမှာ Confinity နဲ့ပေါင်းစည်းခဲ့ပြီး PayPal ကုမ္ပဏီ ဖြစ်လာခဲ့ပါတယ်။

## PayPal တွင် ခက်ခဲသောအချိန်များ

၂၀၀၀ ပြည့်နှစ်မှာ အီလွန်မက်စ်နဲ့ PayPal တည်ထောင်သူတွေကြား ဆက်ဆံရေး ပြိုကွဲလာခဲ့ပါတယ်။ လိမ်လည်မှုပြဿနာ ကြီးထွားလာခြင်းအပေါ်မှာ ကိုင်တွယ်ပုံအပါအဝင် အကြောင်းအရာများစွာမှာ သဘောထားကွဲလွဲခဲ့ကြပါတယ်။ မက်စ်က ဒီပြဿနာကို အလေးမထားပုံပေါ်ပြီး အဖွဲ့ဝင်တွေကို စိတ်ပျက်စေခဲ့ပါတယ်။ တည်ထောင်သူတစ်ဦးဖြစ်တဲ့ လာဗလင် (Levelin) က ကုမ္ပဏီက ထွက်ခွာဖို့ စဉ်းစားခဲ့တဲ့ အထိ ဖြစ်လာခဲ့ပါတယ်။

မက်စ်က သူ့ဇနီးနဲ့ ဩစတြေးလျကို ပျားရည်ဆမ်းခရီးထွက်နေတုန်း သူ့လုပ်ဖော်ကိုင်ဖက်တချို့က သူ့ကို စီအီးအိုအဖြစ်ကနေ ဖယ်ရှားဖို့ စီစဉ်ခဲ့ကြပါတယ်။ သူတို့အမြင်မှာ တခြားတစ်ယောက်က ကုမ္ပဏီကို ဦးဆောင်ချိန်တန်ပြီလို့ ထင်ကြပါတယ်။ ကုမ္ပဏီရဲ့ အဓိကရင်းနှီးမြှုပ်နှံသူကို ဆက်သွယ်ကာ စီမံခန့်ခွဲမှုပြောင်းလဲဖို့ သဘောတူညီမှု ရယူခဲ့ပါတယ်။ မက်စ်က ဒီသတင်းကို သိရှိတဲ့အခါ စိတ်ထိခိုက်ခဲ့ပြီး သစ္စာဖောက်ခံရ


mgyoe.com

mgyoe.com SAMPLE BOOK

တယ်လို့ ခံစားခဲ့ရပါတယ်။ သူက တန်ပြန်တိုက်ခိုက်ဖို့ ကြိုးစားခဲ့ပေမဲ့လဲ ဘုတ်အဖွဲ့က သူ့ကို စီအီးအိုအဖြစ်က ဖယ်ရှားဖို့ မဲခွဲဆုံးဖြတ်ခဲ့ပါတယ်။ နောက်ဆုံးမှာ မက်စ်က ဒီဆုံးဖြတ်ချက်ကို လက်ခံခဲ့ပြီး PayPal ကို နောက်တစ်ဆင့်ကို ပို့ဆောင်ဖို့လိုအပ်တယ်လို့ ကြေညာခဲ့ပါတယ်။ ဒီအတွေ့အကြုံဟာ ခက်ခဲပေမဲ့လဲ မက်စ်က PayPal မှာ လုပ်ကိုင်ခဲ့တုန်းက နယ်နိမိတ်ချဲ့ထွင်ခြင်း၊ စိတ်ကူးသစ်တွေကို စိန်ခေါ်ခြင်းနဲ့ တစ်ခါတစ်ရံ လူတွေကို စိတ်ဆိုးစေရတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ခြင်းကို သင်ယူခဲ့ပါတယ်။ အဲဒါအပြင် သူဟာ နောက်လုပ်ဆောင်မဲ့ စီမံကိန်းကြီးကို စတင်တွေးခေါ်နေပြီဖြစ်ပါတယ်။

PayPal ကနေထွက်ပြီးနောက် မက်စ်က လေယာဉ်မောင်းသင်တန်းတက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူ့မိသားစုမှာ လေယာဉ်မောင်းခြင်းနဲ့သက်ဆိုင်တဲ့ ရာဇဝင်ရှိတဲ့ အတွက် ဒီအရာကို သူ အမြဲတမ်းလုပ်ဆောင်လိုခဲ့ပါတယ်။ သူက လျင်မြန်စွာ သင်ယူနိုင်ခဲ့ပေမဲ့လဲ ကွန်ပျူတာနဲ့ လေယာဉ်ဆင်းတာ လေ့ကျင့်ရာမှာ ခက်ခဲနေခဲ့ပါတယ်။ ဒီလို အခက်တွေ့ခဲ့ပေမဲ့ လက်မလျှော့ဘဲ ဇွဲဖြင့်ကြိုးစားခဲ့ပါတယ်။ နောက်ဆုံးမှာ စမ်းသပ်မှုကို အောင်မြင်ခဲ့ပြီး စစ်ဂျက်လေယာဉ်တစ်စီးကိုပင် ဝယ်ယူကာ နာရီပေါင်း ရာနဲ့ချီ ပျံသန်းခဲ့ပါတယ်၊ ဒီအတွေ့အကြုံဟာ သူ့ကို လေထုသိပ္ပံ (Aerodynamics) ကို နားလည်လာစေခဲ့ပြီး နောင်မှာ အာကာသလုပ်ငန်းတွေအတွက် အထောက်အကူဖြစ်ခဲ့ပါတယ်။

## အင်္ဂါဂြိုဟ်အိပ်မက်

၂၀၀၁ ခုနှစ်မှာ အီလွန်မက်စ်ဟာ အာကာသစူးစမ်းရှာဖွေရေးကို စတင်စဉ်းစားလာခဲ့ပါတယ်။ နာဆာက အင်္ဂါဂြိုဟ်ကို မစူးစမ်းရတဲ့အကြောင်းရင်းကို သူစဉ်းစားမိခဲ့ပြီး နာဆာမှာ အင်္ဂါဂြိုဟ်ဆီသွားရောက်ဖို့ မည်သည့်အစီအစဉ်မှ မရှိကြောင်း သိလာခဲ့ပါတယ်။ မက်စ်က လူသားတွေ အင်္ဂါဂြိုဟ်ပေါ်မှာ နေထိုင်ဖို့ စိတ်ကူးကို စွဲလမ်းလာခဲ့ပြီး ဒုံးပျံတွေနဲ့ ပတ်သက်တဲ့ အရာအားလုံးကို လေ့လာခဲ့ပါတယ်။ လက်ဗီဂတ်စ်မြို့ရှိ ရေကူးကန်ဘေးမှာ ဒုံးပျံအင်ဂျင်လက်စွဲစာအုပ်တွေကိုတောင် ဖတ်ရှုနေခဲ့ပါတယ်။

မက်စ်က အင်္ဂါဂြိုဟ်ဆီသွားရောက်လိုတဲ့ အဓိကအကြောင်းရင်း ၃ ခု ရှိပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

*** နည်းပညာဆိုင်ရာ တိုးတက်မှု**

နည်းပညာတိုးတက်မှုရပ်တန့်မသွားစေဖို့ လူသားတွေက အမြဲအသစ်တီထွင်ပြီး စူးစမ်းရှာဖွေသင့်တယ်လို့ သူ ယုံကြည်ခဲ့ပါတယ်။

*** အသက်ရှင်သန်ရေး**

ကမ္ဘာမြေပေါ်မှာ ကပ်ဘေးကြီးတစ်ခုခုဖြစ်ပေါ်ပါက ဒုတိယဂြိုဟ်တစ်ခုရှိခြင်းက လူသားမျိုးနွယ်ကို ကာကွယ်နိုင်မယ်လို့ သူမြင်ခဲ့ပါတယ်။

*** စိတ်အားထက်သန်မှု**

အင်္ဂါဂြိုဟ်သို့ ခရီးစဉ်ကဲ့သို့သော ကြီးမားတဲ့ရည်မှန်းချက်ဟာ လူသားတွေကို စိတ်အားတက်စေပြီး ယုံကြည်မှုတစ်ခုကို ပေးစွမ်းနိုင်မယ်လို့ ယုံကြည်ခဲ့ပါတယ်။

**ခရီးစပြီ**

အီလွန်မက်စ်က လေကြောင်းနဲ့အာကာသလုပ်ငန်းတွေနဲ့နီးစပ်ဖို့ လော့စ်အိန်ဂျလိစ်မြို့ကို ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ အစမှာ သူဟာ အာကာသစူးစမ်းရှာဖွေရေးကို လူတွေ စိတ်ဝင်စားလာအောင် လှုံ့ဆော်လိုခဲ့ပါတယ်။ အင်္ဂါဂြိုဟ်ပေါ်သို့ အပင်စိုက်ပျိုးနိုင်တဲ့ ဖန်လုံအိမ်ငယ်တစ်ခုပို့ဖို့ စိတ်ကူးရှိခဲ့ပြီး တခြားဂြိုဟ်တစ်ခုပေါ်မှာ အပင်တွေကြီးထွားပုံကို လူတိုင်းကြည့်ရှုနိုင်စေဖို့ ရည်ရွယ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအရာကို အကောင်အထည်ဖော်ဖို့ နည်းလမ်းရှာဖွေရပြီး ခက်ခဲခဲ့ပါတယ်။

မက်စ်က ရုရှားဒုံးပျံတွေနဲ့ အတွေ့အကြုံရှိတဲ့ အင်ဂျင်နီယာတစ်ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။ သူတို့က မော်စကိုကို သွားရောက်ကာ ရှေးဟောင်းဒုံးပျံတွေ ဝယ်ယူဖို့ ကြိုးစားခဲ့ပါတယ်။ ရုရှားဓလေ့ထုံးစံဖြစ်တဲ့ အရက်သောက်သုံးမှုကို မက်စ်က ကျင့်သားမရတဲ့အတွက် အစည်းအဝေးတစ်ခုအတွင်းမှာ သတိလစ်သွားခဲ့ပါတယ်။ ဒုံးပျံမဝယ်နိုင်ပေမဲ့လဲ အတွေ့အကြုံတွေက သူ့ကို SpaceX ကုမ္ပဏီကို စတင်ဖို့ လှုံ့ဆော်ပေးခဲ့ပါတယ်။ အင်္ဂါဂြိုဟ်ပေါ်မှာ လူသားတွေနေထိုင်ရေးစိတ်ကူးကို အမှန်တကယ် ဖြစ်လာစေဖို့ သူ ဆုံးဖြတ်ခဲ့ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

**Tesla ရဲ့အစ**

အဲဒီကာလအတွင်း ဂျေဘီစတော်ဘယ်လ် (JB Straubel) နဲ့ မာတင်အယ်ဘာဟတ် (Martin Eberhard) လို့ခေါ်တဲ့ အင်ဂျင်နီယာနှစ်ဦးဟာ သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်မဲ့ လျှပ်စစ်ကားတွေ တီထွင်ဖို့လုပ်ဆောင်ခဲ့ပါတယ်။ မက်စ်က အဲဒီအင်ဂျင်နီယာနှစ်ဦးနဲ့တွေ့ဆုံခဲ့ပြီး သူတို့အားလုံးရဲ့ ရည်မှန်းချက်တူညီကြောင်း သိရှိခဲ့ပါတယ်။ မက်စ်က သူတို့ရဲ့ Tesla Motors ကုမ္ပဏီမှာ ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံခဲ့ပြီး ကားလုပ်ငန်းတစ်ခုလုံးကို ထာဝရပြောင်းလဲစေမဲ့ လျှပ်စစ်ကားတွေ တည်ဆောက်ဖို့ အတူတကွ လုပ်ဆောင်ခဲ့ကြပါတယ်။

မက်စ်ရဲ့ကုမ္ပဏီတွေဖြစ်တဲ့ Tesla နဲ့ SpaceX တို့ဟာ အံ့သြဖွယ်အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ ဒါပေမဲ့ မက်စ်ရဲ့ ဩဇာလွှမ်းမှုဟာ သူထုတ်လုပ်တဲ့ကားတွေနဲ့ ဒုံးပျံတွေကို ကျော်လွန်သွားပါတယ်။ စွန့်စားရဲတဲ့စိတ်ကူးရှင်၊ စွန့်ဦးတီထွင်သမား၊ အစဉ်အလာကိုစိန်ခေါ်သူ၊ အကန့်အသတ်တွေကိုစိန်ခေါ်ပြီး အသစ်ပြန်လည်တည်ဆောက်သူအဖြစ် သူ့ပုံရိပ်ကို တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်ပြီးသားလုပ်ငန်းတွေအပေါ် သူ့ရဲ့နှောင့်ယှက်ဖို့စိတ်အားထက်သန်မှု၊ နည်းပညာရဲ့ နယ်နိမိတ်တွေကို ကျော်လွန်ဖို့ ရည်ရွယ်ချက်တွေကို လူတွေ အာရုံစိုက်ခဲ့ကြပါတယ်။

သူ့ကုမ္ပဏီတွေ ကြီးထွားလာတာနဲ့အမျှ မက်စ်ရဲ့ ပုဂ္ဂိုလ်ရေးကျော်ကြားမှုလဲ တိုးတက်လာခဲ့ပါတယ်။ သူက စီအီးအိုတစ်ဦးထက် ပိုမိုလာခဲ့ပြီး အပြောင်းအလဲအတွက် အသံ၊ နည်းပညာနဲ့ ဆန်းသစ်တီထွင်မှုတွေနဲ့ မောင်းနှင်တဲ့ အနာဂတ်ကို ထောက်ခံသူတစ်ဦးဖြစ်လာခဲ့ပါတယ်။ သူဟာ ရိုးရာစဉ်းစားပုံတွေကို စိန်ခေါ်ကာ စွန့်ဦးတီထွင်သူနဲ့ အင်ဂျင်နီယာမျိုးဆက်သစ်ကို စေ့ဆော်ပေးနိုင်ခဲ့ပါတယ်။

ဒီအချက်က မေးခွန်းတစ်ရပ်ကို မေးစေခဲ့ပါတယ်။ မက်စ်က သူ့ရဲ့ နှောင့်ယှက်ဖြိုခွဲတဲ့ ချဉ်းကပ်မှုကို နိုင်ငံရေးကစားကွင်းဆီ သယ်ဆောင်နိုင်မလား၊ ဆန်းသစ်မှုကို ခုခံတတ်တဲ့ စနစ်တစ်ခုအတွင်း အပြောင်းအလဲဖြစ်စေဖို့ သူ့ရဲ့ ဩဇာလွှမ်းမှုကို အသုံးချနိုင်မလား။ ဒီအရာက ဖြစ်နိုင်ခြေနည်းပေမဲ့လဲ မက်စ်က ထင်မြင်ယူဆချက်တွေကို ဖီဆန်တဲ့ သမိုင်းကြောင်း ရှိထားသူ ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၂

# လွတ်လပ်စွာပြောဆိုခွင့်အတွက် တိုက်ပွဲဝင်ခြင်း

၂၀၂၂ ခုနှစ် အစောပိုင်းမှာ အီလွန်မက်စ်ဟာ မရပ်တန့်နိုင်တဲ့ အောင်မြင်မှုတွေကို ဆက်တိုက် ရရှိနေခဲ့ပါတယ်။ Tesla ကုမ္ပဏီရဲ့ စွမ်းဆောင်ရည်ဟာ မြင့်မားမှုရှိနေပြီး ကြော်ငြာဘတ်ဂျက် တစ်ပြားမှသုံးစွဲခြင်းမရှိဘဲ လွန်ခဲ့တဲ့တစ်နှစ်အတွင်းရောင်းအား ၇၁ ရာခိုင်နှုန်းအထိ ကြီးမားစွာတိုးတက်မှု ရှိခဲ့ပါတယ်။ ကုမ္ပဏီရဲ့ စတော့ဈေးနှုန်းတွေလဲ မြင့်တက်လာခဲ့ပြီး မိုက်ခရိုချစ်ပ်ပြတ်လပ်မှုတွေကို မက်စ် စနစ်တကျကိုင်တွယ်နိုင်မှုကြောင့် တခြားကုမ္ပဏီတွေ ပြဿနာတွေနဲ့ ရင်ဆိုင်နေရစဉ် Tesla ဟာ မှတ်တမ်းတင်နိုင်တဲ့ ကားပို့ဆောင်မှုပမာဏကို ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ဒီအောင်မြင်မှုကြောင့် Tesla ရဲ့ ဈေးကွက်တန်ဖိုးဟာ နောက်ထပ် အကြီးဆုံးကားထုတ်လုပ်သူ ၉ ခုရဲ့ စုစုပေါင်းတန်ဖိုးထက်တောင် သာလွန်လာခဲ့ပါတယ်။

Tesla သာမက Space X ကလဲ မျှော်မှန်းထားတာထက် ပိုမိုစွမ်းဆောင်နိုင်ခဲ့ပါတယ်။ ပြေလအရောက်မှာ တခြားနိုင်ငံတွေနဲ့ ကုမ္ပဏီတွေ ပေါင်းစပ်ထားတာထက်တောင် Space X က ဂြိုဟ်ပတ်လမ်းထဲဆီ ဒြပ်ထု (mass) တွေ ပိုမိုပို့ဆောင်နိုင်ခဲ့ပါတယ်။ Space X ရဲ့မစ်ရှင်ထဲမှာ အပြည်ပြည်ဆိုင်ရာအာကာသစခန်းဆီ စတုတ္ထမြောက်လူသားပါဝင်တဲ့ မစ်ရှင်လဲ ပါဝင်ပါတယ်။

Space X ရဲ့ ပြန်လည်အသုံးပြုနိုင်တဲ့ ဒုံးပျံနည်းပညာဟာ တခြားမယှဉ်နိုင်အောင် ထင်ရှားခဲ့ပါတယ်။ Falcon 9 ဟာ အာကာသထဲကို ပစ်လွှတ်ပြီး ပြန်လည်ဆင်းသက်ကာ ထပ်မံအသုံးပြုနိုင်တဲ့ တစ်ခုတည်းသော ဒုံးပျံအဆင့်ဖြစ်နေဆဲဖြစ်ပါတယ်။ မက်စ်ရဲ့ တခြားစီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ Neuralink နဲ့ The Boring Company

mgyoe.com

တို့ဟာလဲ ဖွံ့ဖြိုးလျက်ရှိပါတယ်။ Tesla ၊ Space X ၊ The Boring Company နဲ့ Neuralink တို့ စုစုပေါင်းတန်ဖိုးဟာ ဒေါ်လာ ထရီလီယံကျော်အထိ ရှိလာခဲ့ပါတယ်။ ဒါပေမဲ့ အောင်မြင်မှုတွေကို မက်စ်ရဲ့တုံ့ပြန်ပုံက စိတ်ဝင်စားဖွယ် ဖြစ်ပါတယ်။

သူနဲ့နီးစပ်သူတစ်ဦးက သူ့ကို ''အမြဲတမ်း စစ်ပွဲအနေအထားမှာ ရှိနေစရာ မလိုပါ''လို့ ပြောတဲ့အခါ မက်စ်က ငြိမ်သက်နေတဲ့ကာလတွေက သူ့အတွက် စိတ်မသက်မသာဖြစ်ကြောင်း ဝန်ခံခဲ့ပါတယ်။ သူ့သဘာဝအရ သူဟာ စွန့်စားမှုတွေကို ထပ်မံယူပြီး ဆက်လက်ကစားလိုတယ်လို့ ယူဆခဲ့ပါတယ်။ အံ့သြဖွယ်အောင်မြင်မှုတွေ ရှိနေပေမဲ့ သူ့အတွက် စိန်ခေါ်မှုအသစ်တစ်ခု လိုအပ်နေဆဲ ဖြစ်ပါတယ်။

## Twitter သို့ ဝင်ရောက်လာခြင်း

မက်စ်က တွစ်တာ (Twitter) ကို ၂၀၀၆ ခုနှစ်မှာ စတင်သုံးစွဲခဲ့ပေမဲ့လဲ အစပိုင်းမှာ တွစ်တာကို ပေါ့ပေါ့တန်တန် လုပ်ရပ်တစ်ခုအဖြစ် မှတ်ယူခဲ့ပါတယ်။ ဒါပေမဲ့ ကြာလာတာနဲ့အမျှ သူ့အတွက် လူမှုကွန်ရက်ပလက်ဖောင်းထက် ပိုလာခဲ့ပါတယ်။ တွစ်တာက သူ့ရဲ့စကားတွေကို စစ်ထုတ်မှုမရှိဘဲ တိုက်ရိုက်ထုတ်လွှင့်နိုင်တဲ့ မီဒီယာတစ်ခု ဖြစ်လာခဲ့ပြီး လွတ်လပ်စွာ (ဒါမှမဟုတ် အငြင်းပွားဖွယ်) စဉ်းစားချက်တွေကို မျှဝေရာနေရာ ဖြစ်လာခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်အစောပိုင်းမှာ မက်စ်က တွစ်စုစုပေါင်း ၁၉,၀၀၀ နီးပါးတင်ခဲ့ပြီး သူ့ရဲ့တွစ်တွေကို 'နိုင်ငံအဂ်ါရာရေတံခွန်'လို စိတ်ကူးတွေနဲ့ တွေးတောမှုတွေ စီးဆင်းနေတဲ့အရာအဖြစ် နှိုင်းယှဉ်ဖော်ပြခဲ့ဖူးပါတယ်။ မက်စ်အတွက် တွစ်တာက ဟာသတွေကိုမျှဝေရာ၊ ဒုံးပျံတွေအကြောင်း ဆွေးနွေးတာထက် ပိုပါတယ်။ တွစ်တာဟာ လွတ်လပ်စွာ ပြောဆိုခွင့်အတွက် စစ်မြေပြင်တစ်ခုပါပဲ။ သူက စာနယ်ဇင်းထိန်းချုပ်မှုကို ကန့်သတ်တယ်လို့မြင်လာပြီး အဲဒါက လွတ်လပ်တဲ့ဆွေးနွေးမှုတွေကို ဟန့်တားကာ နိုင်ငံရေးအခွင့်အရေးအရ ပြောခွင့်ရှိတဲ့အသံတွေကို မညီမျှစွာ ဖိနှိပ်တယ်လို့ ယုံကြည်လာခဲ့ပါတယ်။ အမေရိကကိုခြိမ်းခြောက်နေတဲ့ 'ဆင်ဆာပိုင်းရတ်'ကို သူ ဆန့်ကျင်ပြောဆိုလာချိန်မှာ သူ့ရဲ့စိတ်ပျက်မှုတွေ တိုးလာခဲ့ပါတယ်။

တစ်ချိန်ချိန်ရောက်တဲ့အခါမှာတော့ ဒီစိတ်ပျက်မှုတွေဟာ မေးခွန်းတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။ သူကိုယ်တိုင်ဝင်ရောက်ပြီး အရာရာကို ပြင်ဆင်သင့်သလား။ အခွင့်အရေးက ရှိနှင့်ပြီးဖြစ်ပါတယ်။ လတ်တလော အရောင်းအဝယ်လုပ်ထားတဲ့ စတော့


mgyoe.com

mgyoe.com SAMPLE BOOK

ရှယ်ယာတွေကနေ ဒေါ်လာ ဘီလီယံချီငွေတွေနဲ့ မက်စ်လုပ်ဆောင်နိုင်တဲ့ အရင်းအမြစ်တွေ ရှိနေခဲ့ပါတယ်။ သူဟာ ဇန်နဝါရီလမှာ တွစ်တာရဲ့ရှယ်ယာတွေကို တိတ်တဆိတ် ဝယ်ယူခြင်းဖြင့် စတင်ခဲ့ပါတယ်။ ဧပြီလအစောပိုင်းမှာ သူ့ပိုင်ဆိုင်မှုဟာ ကုမ္ပဏီရဲ့ ၉ ရာခိုင်နှုန်းနီးပါးအထိ ကြီးထွားလာခဲ့ပြီး သူ့ကို အကြီးဆုံးတစ်ဦးချင်းရှယ်ယာရှင်အဖြစ် ပြောင်းလဲစေခဲ့ပါတယ်။

ဒါဟာ ကြုံရာကျပန်းလုပ်နေတာ မဟုတ်ပါဘူး။ မက်စ်က ရှယ်ယာတွေကို ဝယ်ယူနေခြင်းသာမက နောက်လာမဲ့ အစီအစဉ်တွေကို ပြင်ဆင်နေခြင်းဖြစ်ပါတယ်။ တွစ်တာခေါင်းဆောင်တွေနဲ့ ဆွေးနွေးတာတွေလုပ်လာတယ်။ Airbnb ယာတောအိမ်တစ်ခုမှာ ညစာစားပွဲ အစည်းအဝေးတောင် ရှိခဲ့ပါတယ်။ မက်စ်ဟာ တွစ်တာစီအီးအိုပါရာ့အဂ္ဂရပ်ဝလ်ကို ဖော်ရွေတယ်လို့ မြင်ပေမဲ့လဲ အထင်မကြီးပါဘူး။ သူ့စိတ်ကူးနဲ့ကိုက်ညီမဲ့ ‘မီးမှုတ်နိုင်တဲ့နဂါး’လို ခေါင်းဆောင်တစ်ဦး တွစ်တာမှာ လိုအပ်နေတယ်လို့ နောက်ပိုင်းမှာ ဖော်ပြခဲ့ပါတယ်။

ညစာစားပွဲဟာ ကမ်းလှမ်းချက်တစ်ခုဆီ ဦးတည်သွားခဲ့ပါတယ်။ မက်စ်ကို တွစ်တာရဲ့ဘုတ်အဖွဲ့ကို ဝင်ရောက်ဖို့ ဖိတ်ခေါ်ခဲ့ရပါတယ်။ အစမှာ အဲဒီဖိတ်ခေါ်ချက်က သဘာဝကျတဲ့ နောက်တစ်ဆင့်လို့ထင်ရပါတယ်။ ဒါပေမဲ့ စာချုပ်ထဲက အသေးစိတ်အချက်တွေက မတူညီတဲ့ဇာတ်လမ်းကို ပြောပြနေပါတယ်။ ဘုတ်အဖွဲ့ရဲ့ သတ်မှတ်ချက်တွေမှာ မက်စ်ရဲ့ပိုင်ဆိုင်မှုကို ၁၅ ရာခိုင်နှုန်းအောက်သာ ကန့်သတ်ထားပြီး တွစ်တာကို လူသိရှင်ကြား ဝေဖန်ခွင့်မပြုတဲ့အချက်တွေ ပါဝင်နေပါတယ်။ မက်စ်လို ပွင့်လင်းစွာ ပြောဆိုတတ်သူအတွက် ဒီအရာက ချုပ်နှောင်မှုတစ်ခုလို ခံစားရပါတယ်။ မက်စ်အဖို့ အဲဒီအချက်ဟာ တွစ်တာရဲ့ ‘လွတ်လပ်စွာစကားပြောခွင့်’ကို ကာကွယ်တယ်လို့ ကြွေးကြော်ထားတဲ့ အနှစ်သာရနဲ့ ဆန့်ကျင်နေပါတယ်။ သူက ပြင်းပြင်းထန်ထန် ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။

သူ့ရဲ့ဖိအားတွေကြောင့် ဘုတ်အဖွဲ့ဟာ ကန့်သတ်ချက်များစွာကို လျှော့ချပေးခဲ့ပါတယ်။ ပိုင်ဆိုင်မှုအပေါ် အနည်းငယ်သာ ကန့်သတ်တဲ့ ရိုးရှင်းတဲ့အဆိုပြုချက်ဖြင့် ပြန်လာခဲ့ပါတယ်။ မက်စ်က အစပိုင်းမှာ လက်ခံခဲ့ပေမဲ့လဲ ရက်ပိုင်းအတွင်း စိတ်ပြောင်းသွားခဲ့ပါတယ်။ ဘုတ်အဖွဲ့နေရာကို လုံးဝငြင်းပယ်လိုက်ပါတယ်။ ဘာကြောင့် ငြင်းပယ်


mgyoe.com

လိုက်တာလဲ။ အကြောင်းမှာ ကန့်သတ်ချက်နည်းပေမဲ့လဲ သူ့ရဲ့မျှော်မှန်းချက်နဲ့ မကိုက်ညီတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ သူ့အတွက် ဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်ရုံမျှဖြင့် မလုံလောက်ပါ။ မက်စ်က ပိုမိုလိုချင်ခဲ့ပါတယ်။ တစ်ပတ်မပြည့်မီမှာပဲ သူ့ခြေလှမ်းကို စတင်ခဲ့ပါတယ်။

မက်စ်က တွစ်တာကို ဒေါ်လာ ၄၄ ဘီလီယံ (ရှယ်ယာတစ်ခုလျှင် ၅၄. ၂၀ ဒေါ်လာ) ဖြင့် ဝယ်ယူဖို့ တိုက်ရိုက်ကမ်းလှမ်းခဲ့ပါတယ်။ ဒါဟာ ကမ်းလှမ်းချက်တစ်ခုထက် ပိုပါတယ်။ ကြေညာချက်တစ်ရပ်ပါ။ သူက ''လွတ်လပ်စွာစကားပြောခွင့်ဟာ ဒီမိုကရေစီ အလုပ်လုပ်နိုင်ဖို့ လူ့အဖွဲ့အစည်းအတွက် အရေးကြီးတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တွစ်တာဟာ ကမ္ဘာတစ်ဝန်းလုံးမှာ ဒီအခန်းကဏ္ဍကို ထမ်းဆောင်နိုင်တယ်လို့ ယုံကြည် ပါတယ်''လို့ ကြွေးကြော်ခဲ့ပါတယ်။ ဒီအရာဟာ ရဲရင့်ပြီး စူးရှတဲ့ မက်စ်ရဲ့လက်ရာပဲ ဖြစ်ပါတယ်။

## တွစ်တာရဲ့ ကနဦးကန့်ကွက်မှု

တွစ်တာဘုတ်အဖွဲ့က ချက်ချင်းတုံ့ပြန်ခဲ့ပေမဲ့ ခြေတုံ့ချတုံ့ဖြစ်နေပါတယ်။ မက်စ်ရဲ့ ကမ်းလှမ်းချက်ဟာ ငြင်းမရတဲ့ ဆွဲဆောင်မှုရှိပါတယ်။ ဈေးနှုန်းကလဲ ရက်ရောပါတယ်။ ဒါပေမဲ့ မက်စ်ရဲ့ မတည်ငြိမ်မှုက သူတို့ကို စိတ်ရှုပ်စေခဲ့ပါတယ်။ ကုမ္ပဏီအတွင်းပိုင်း မှာတော့ တွစ်တာစီအီးအို ပါရာဂ်အဂ္ဂရဝလ်က အဖွဲ့အစည်းကို တည်ငြိမ်အောင်ကြိုးစား ခဲ့ပြီး ဝန်ထမ်းတွေဆီ မှတ်တမ်းတစ်စောင် ပို့ခဲ့ပါတယ်။

''ရှေ့မှာ အာရုံထွေပြားစရာတွေရှိလာမယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက် တွေနဲ့ ဦးစားပေးမှုတွေ မပြောင်းလဲပါ''

ကုမ္ပဏီပြင်ပမှာတော့ ဘုတ်အဖွဲ့က တွစ်တာကို ပိုမိုကောင်းမွန်တဲ့ ပလက်ဖောင်း ဖြစ်လာဖို့ လုပ်မဲ့ကတိကဝတ်ကို အလေးပေးဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့ ကုမ္ပဏီထဲမှာတော့ တင်းမာမှုတွေ အမြင့်ဆုံးရောက်နေပါတယ်။ တွစ်တာရဲ့ ဘုတ်အဖွဲ့က 'အဆိပ်ဆေးလုံး' (Poison Pill) ကာကွယ်မှုနည်းဗျူဟာကို ကျင့်သုံးခဲ့ပါတယ်။ အဲဒီဗျူဟာက မက်စ်ရဲ့ ရှယ်ယာတွေ တိုးလာပါက ဖျော့တော့သွားစေဖို့ ရည်ရွယ်တဲ့ စီးပွားရေးနည်းဗျူဟာတစ်ခု ဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုကို မီဒီယာတွေမှာ အကျယ်တဝင့် ဖော်ပြခဲ့ပြီး ရှင်းလင်းတဲ့ သတင်းစကားတစ်ရပ် ပေးပို့ခဲ့ပါတယ်။ ဘုတ်အဖွဲ့က တွစ်တာကို မက်စ်ဆီ အပ်နှံဖို့ အဆင်သင့်မဖြစ်သေးပါဆိုတဲ့ သတင်းစကားပါ။ မက်စ်ကလဲ ဘုတ်အဖွဲ့ကို ရှယ်ယာရှင်


mgyoe.com

mgyoe.com SAMPLE BOOK

တွေရဲ့ အကျိုးစီးပွားနဲ့ ဆန့်ကျင်တယ်လို့ စွပ်စွဲကာ တရားဥပဒေဆိုင်ရာ အရေးယူမှုတွေ ဖြစ်နိုင်ကြောင်း အရိပ်အမြွက် ပြောခဲ့ပါတယ်။ ''လက်ရှိတွစ်တာဘုတ်အဖွဲ့ဟာ ရှယ်ယာရှင်တွေရဲ့ အကျိုးစီးပွားကို ဆန့်ကျင်တဲ့လုပ်ရပ်တွေလုပ်ပါက သူတို့ရဲ့တာဝန်ကို ချိုးဖောက်ရာ ရောက်မယ်''လို့ သူက သတိပေးခဲ့ပါတယ်။ အဲဒီကိစ္စဟာ ပြတ်သားပြီး အများသိတဲ့ ပြန်လည်အပြစ်တင်မှုတစ်ရပ် ဖြစ်ခဲ့ပါတယ်။

ဒီဖြစ်ရပ်တွေဟာ တွစ်တာဝန်ထမ်းတွေအပေါ် လှိုင်းတံပိုးရိုက်ခတ်လိုက်ပါတယ်။ မက်စ်ရဲ့ လုံးဝလွတ်လပ်စွာပြောဆိုခွင့်ဆောင်ပုဒ်ဟာ ဝန်ထမ်းတွေရဲ့ အလုပ်ခွင်အပေါ် ဘယ်လိုအကျိုးသက်ရောက်မလဲတွေးပြီး ရတက်မအေးကြ။ အစီရင်ခံစာတွေအရ တွစ်တာဝန်ထမ်းတွေနဲ့ ပြည်သူ့ဆွေးနွေးပွဲတစ်ခုမှာ တစ်ဦးက ''မက်စ်အောက်မှာ အလုပ်လုပ်ဖို့ လူတွေစိတ်ဝင်စားကြမှာလား''လို့ မေးခဲ့ပါတယ်။ မက်စ်ရဲ့အဖြေက တိုက်ရိုက်မဟုတ်ပေမဲ့လဲ အဓိပ္ပာယ်မှာ ရှင်းနေပါတယ်။ ''လိုက်လျောညီထွေရှိပါ၊ ဒါမှမဟုတ် ဘေးဖယ်နေပါ''။ မက်စ်အတွက်မူ ဒစ်ဂျစ်တယ်လူမှုအသိုင်းအဝိုင်းကို ရဲရင့်တဲ့ခြေလှမ်းတိုင်းဖြင့် ပြန်လည်ပုံဖော်ဖို့သာ ဖြစ်ပါတယ်။

## မက်စ်ရဲ့ထောက်ခံမှုရယူရေးလှုပ်ရှားမှု

ဘုတ်အဖွဲ့က ကန့်ကွက်မှုရှိပေမဲ့ မက်စ်က တစ်ယောက်တည်းမဟုတ်ပါဘူး။ တွစ်တာရဲ့ရှယ်ယာရှင်တွေအပြင် သန်းချီတဲ့အသုံးပြုသူတွေဆီက မဟာမိတ်တွေ ရရှိခဲ့ပါတယ်။ များစွာသောသူတို့ဟာ ပလက်ဖောင်းရဲ့စည်းမျဉ်းစည်းကမ်းတွေကို စိတ်ပျက်နေပြီး ပြောင်းလဲမှုကို မျှော်လင့်နေခဲ့ကြပါတယ်။ မက်စ်က အဲဒီစိတ်ပျက်မှုကို အခွင့်ကောင်းယူကာ သူ့ရဲ့ အများပြည်သူဆိုင်ရာ လှုပ်ရှားမှုကို အရှိန်မြှင့်ခဲ့ပါတယ်။ တွစ်တစ်ခုက ဒီအချက်ကို အတိအကျ ဖော်ပြနေပါတယ်။

''ကျွန်တော်တို့ရဲ့ ဝယ်ယူမှုအောင်မြင်ပါက *စပမ်ဘော့ (Spam bots) တွေကို ချေမှုန်းမယ်၊ ဒါမှမဟုတ် ကြိုးစားရင်း သေဆုံးမယ်''

---

* Spam Bot ဆိုတာ အင်တာနက်ပေါ်မှာ အလိုအလျောက် လုပ်ဆောင်တဲ့ ပရိုဂရမ်တစ်ခု ဖြစ်ပြီး သုံးစွဲသူအများအပြားဆီ မလိုလားအပ်တဲ့ မက်ဆေ့ချ်တွေကို ပို့ဆောင်ပေးတာ ဒါမှမဟုတ် အွန်လိုင်းဖိုရမ်တွေမှာ မလိုလားအပ်တဲ့ ပို့စ်တွေကိုတင်ပေးတဲ့ စနစ်တစ်ခု ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒါဟာ ကြီးမားတဲ့ကတိပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အာဏာကိုလှုံ့ဆော်တဲ့ တခြား ဘီလီယံနာတစ်ဦးအဖြစ် မက်စ်က မပြသခဲ့ပါဘူး။ ဒီဝယ်ယူမှုကို လွတ်လပ်မှုအတွက် မစ်ရှင်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒီသတင်းစကားဟာ လူတွေကြား စွဲမြဲသွားခဲ့ပါတယ်။ *လစ်ဘာတေးရီးယန်း (Libertarians) တွေ၊ နည်းပညာသမားတွေနဲ့ 'နည်းပညာအုပ်စု ကြီးတွေ'ကို ဝေဖန်သူတွေအားလုံး သူ့နောက်ကွယ်မှာ စုစည်းလာခဲ့ပါတယ်။ မက်စ်က ကန့်လန့်ကာနောက်ကွယ်မှာ အခြေခံအခင်းအကျင်းတွေ ပြင်ဆင်နေပြီဖြစ်ပါတယ်။ မက်စ်က သူ့လုပ်ရှားမှုကို စနစ်တကျ အားဖြည့်လာခဲ့ပါတယ်။ သူငယ်ချင်းတွေ၊ ရင်းနှီး မြှုပ်နှံသူတွေနဲ့ စီးပွားရေးလောကရဲ့ နာမည်ကျော်ကြီးတွေ သူ့ဆီပူးပေါင်းလာခဲ့ပါတယ်။ Oracle ရဲ့ ပူးတွဲတည်ထောင်သူ လာရီအဲလီဆန် (Larry Ellison) တို့လို ပုဂ္ဂိုလ်တွေ၊ Sequoia Capital နဲ့ ကမ္ဘာ့အကြီးဆုံး ခရစ်တို ငွေကြေးလဲလှယ်ရေးပလက်ဖောင်း Binance တို့ပါ ပါဝင်လာခဲ့ပါတယ်။ အားလုံးပေါင်းကာ ဒေါ်လာ ၇ ဘီလီယံကျော် ရန်ပုံငွေရရှိခဲ့ပြီး မက်စ်ရဲ့ကမ်းလှမ်းချက်ကို ပိုမိုယုံကြည်စိတ်ချရတဲ့ လုပ်ငန်းတစ်ခုအဖြစ် မြှင့်တင်ပေးခဲ့ပါတယ်။ ခေတ်အမီဆုံး နည်းပညာလောကရဲ့ ဩဇာကြီးမားသူတွေရဲ့ နောက်ခံပံ့ပိုးမှုကြောင့် ကမ်းလှမ်းချက်က တစ်ဦးတည်းရဲ့ အလိုဆန္ဒမဟုတ်တော့ဘဲ စနစ်ကျတဲ့ လုပ်ငန်းတစ်ခု ဖြစ်လာခဲ့ပါတယ်။

အဲဒီအချိန်က မက်စ်က တွစ်တာပေါ်မှာ ဆက်လက်အရှိန်မြှင့်ခဲ့ပါတယ်။ တည်းဖြတ်ခလုတ်၊ ဗဟိုမဲ့စည်းမျဉ်းစနစ်နဲ့ အယ်လ်ဂိုရစ်သမ်အပြောင်းအလဲတို့လို စိတ်ကူး တွေကို လွှင့်တင်ခဲ့ပါတယ်။ အဆိုတစ်ခုစီဟာ လူမှုကွန်ရက်တွေပေါ်မှာ အငြင်းပွားမှုတွေကို မီးမွှေးခဲ့ပြီး သူ့ရည်မှန်းချက်ကို ပိုမိုမီးမောင်းထိုးပြခဲ့ပါတယ်။ ဒါဟာ မက်စ်ရဲ့ ထုံးစံအတိုင်း ဖြစ်ပါတယ်။ တွစ်တစ်ခုစီတိုင်းက မီးကို လောင်စာထပ်ဖြည့်ကာ တွစ်တာရဲ့ ဘုတ်အဖွဲ့ အပေါ် ဖိအားတွေ ပိုမိုတိုးစေခဲ့ပါတယ်။ ဒီဖြစ်ရပ်ဟာ အပေါ်ယံမှာ လွတ်လပ်တဲ့ စကား ပြောခွင့်၊ ဒါမှမဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုသာ ဖြစ်ပုံရပေမဲ့လဲ မက်စ်အတွက် ပိုမို နက်ရှိုင်းတဲ့ ကိုယ်ရေးကိုယ်တာအကြောင်းရင်း ရှိနေခဲ့ပါတယ်။

---

* လစ်ဘာတေးရီးယန်းဆိုတာ လွတ်လပ်တဲ့ဈေးကွက်ကို အားပေးပြီး နိုင်ငံသားတွေရဲ့ ကိုယ်ရေးကိုယ်တာဘဝမှာ နိုင်ငံတော်က အနည်းဆုံးသာ ဝင်ရောက်စွက်ဖက်သင့်တယ်လို့ ယုံကြည်သူ ဖြစ်ပါတယ်။


mgyoe.com

ကလေးဘဝတုန်းက မက်စ်ဟာ အနိုင်ကျင့်ခံခဲ့ရပြီး ကျောင်းဝင်းအတွင်း တစ်ယောက်တည်း အားနည်းနေတယ်လို့ ခံစားခဲ့ရပါတယ်။ အဲဒီအတွေ့အကြုံတွေဟာ သူ့အတွက် အမှတ်တရဖြစ်ခဲ့ပါတယ်။ တွစ်တာဟာ သူ့အတွက်တော့ လူကြီးကစားကွင်း တစ်ခု ဖြစ်ပါတယ်။ ကမ္ဘာ့ပရိသတ်ရှေ့မှာ စကားတွေဖြန့်ချိဖို့၊ ငြင်းခုံဖို့နဲ့ စိတ်ကူးတွေကို စမ်းသပ်ဖို့နေရာ ဖြစ်လာပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာ သူနောက်ပြန်မဆုတ်တော့ပါဘူး။ သူ့အတွက် တွစ်တာကိုပိုင်ဆိုင်ခြင်းဟာ ကျယ်ပြန့်ပြီး ရှုပ်ထွေးတဲ့မြင်ကွင်းကြီးကို ထိန်းချုပ်ရယူခြင်းပဲ ဖြစ်ပါတယ်။ ခေတ်သစ်ဆက်သွယ်ရေးကို အဓိပ္ပာယ်သတ်မှတ်လာခဲ့တဲ့ နေရာတစ်ခုကို ပြန်လည်ပုံဖော်ဖို့ အခွင့်အရေးတစ်ရပ်လဲ ဖြစ်ခဲ့ပါတယ်။

**အရောင်းအဝယ်ဖြစ်ပြီ**

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက် . . .

အရာအားလုံးပြောင်းလဲသွားခဲ့တဲ့နေ့။ တွစ်တာရဲ့ဘုတ်အဖွဲ့က နောက်ဆုံး အစည်းအဝေးတစ်ခုအတွက် စုဝေးခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်ဟာ အရေးပါမှုအမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။ မက်စ်က အဓိကရှယ်ယာရှင်တွေ၊ ဗျူဟာမြောက်မိတ်ဖက်တွေနဲ့ သူ့မျှော်မှန်း ချက်ကို မျှော်လင့်နေတဲ့ ပြည်သူတွေရဲ့ ထောက်ခံမှုကို ရရှိထားပါတယ်။ နာရီပေါင်းများစွာ ဆွေးနွေးမှုတွေ ပြင်းထန်ခဲ့ပြီး အသံတွေမြင့်တက်ခဲ့ပါတယ်။ ဒါပေမဲ့ အဆုံးမှာတော့ ဘုတ်အဖွဲ့ကလက်ခံလိုက်ပါတယ်။ မက်စ်ရဲ့ကမ်းလှမ်းချက်ကို သဘောတူပြီး ကမ္ဘာကို ကြေညာခဲ့ပါတယ်။ မက်စ်အတွက် ဒါက အောင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ ဆုံးဖြတ်ချက် ထုတ်ပြီး မိနစ်ပိုင်းအတွင်း သမိုင်းတွင်မဲ့ တွစ်တစ်ခုကို ပစ်လိုက်ပါတယ်။

''ငှက်လွတ်သွားပြီ''

တိုတို၊ ထက်ထက်နဲ့ မက်စ်ရဲ့လက်ရာပဲ ဖြစ်ပါတယ်။ သူပြီးမြောက်အောင်မြင် လိုက်တဲ့အရာကို ဒီစာတိုက အတိအကျဖော်ပြနေပါတယ်။ သူ့ထောက်ခံသူတွေအတွက် ဒါဟာ ဝမ်းမြောက်စရာအချိန် ဖြစ်ပေမဲ့လဲ ဝေဖန်သူတွေအတွက် စိုးရိမ်စရာအကြောင်း ဖြစ်ပါတယ်။ မက်စ်ရဲ့ဦးဆောင်မှုအောက်မှာ တွစ်တာ ဘာဖြစ်သွားမလဲ။ တွစ်တာ ဝန်ထမ်းတွေအတွက်တော့ ဒီသတင်းက ကွဲပြားတဲ့အဓိပ္ပာယ် ရှိပါတယ်။ တချို့က စိတ်လှုပ်ရှားဖွယ် (ဒါပေမဲ့ မသေချာမှုပြည့်နေတဲ့) အခန်းသစ်တစ်ခုရဲ့အစလို့ မြင်ကြ ပါတယ်။ တချို့မှာ ကြီးမားတဲ့ပြောင်းလဲမှုတွေအတွက် ပြင်ဆင်နေကြပါတယ်။ တွစ်တာ


mgyoe.com

ဘုတ်အဖွဲ့အတွက်ကတော့ မက်စ်ရဲ့ စိတ်ကူးတွေကို ရပ်တန့်လို့မရဆိုတဲ့အချက်ကို စိတ်မပါဘဲ လက်ခံလိုက်ရတဲ့အရာ၊ တွစ်တာကို ဝေဖန်သူကနေ ပိုင်ရှင်အဖြစ်သို့ ပြောင်းလဲသွားခဲ့တာဟာ မျက်စိတစ်မှိတ်အတွင်းလိုပါပဲ။ ယခုတော့ သူဟာ ကမ္ဘာ့အစွမ်းထက်ဆုံး ဆက်သွယ်ရေးပလက်ဖောင်းတစ်ခုရဲ့ ကြိုးကိုင်မှုကိုရယူထားပါတယ်။ ဒီဖြစ်ရပ်ဟာ တွစ်တာအတွက်သာမက လူ့အဖွဲ့အစည်းတစ်ခုလုံးကို လှိုင်းတံပိုးသဖွယ် ပြောင်းလဲစေခဲ့ပါတယ်။ လူသားတွေရဲ့ ဆက်သွယ်ရေးနည်းလမ်းတွေကို ပြုပြင်ခဲ့ပြီး အမေရိကန်ရဲ့ အနာဂတ်လမ်းကြောင်းကိုပါ ပြောင်းလဲစေခဲ့ပါတယ်။

## တွစ်တာကို တည်ဆောက်ခြင်း

တွစ်တာကိုထိန်းချုပ်ပြီးနောက် မက်စ်ဟာ အချိန်မဖြုန်းဘဲ ပြောင်းလဲမှုတွေကို စတင်ခဲ့ပါတယ်။ သူ့ရဲ့ ပထမဆုံး အဓိကလုပ်ဆောင်ချက်မှာ ပလက်ဖောင်းရဲ့ အကြောင်းအရာ ထိန်းသိမ်းမှုစည်းမျဉ်းတွေကို အပြင်းအထန် ပြင်ဆင်ခြင်းဖြစ်ပါတယ်။ မက်စ်မရောက်မီက တွစ်တာမှာ အမုန်းစကားတွေ၊ မှားယွင်းတဲ့သတင်းတွေနဲ့ နှောင့်ယှက်မှုတွေကို တိုက်ဖျက်ဖို့ စည်းကမ်းတွေ ပြင်းထန်စွာရှိခဲ့ပါတယ်။ အများစုက ဒီစည်းမျဉ်းတွေကို ဒစ်ဂျစ်တယ်လူမှုအသိုင်းအဝိုင်းရဲ့ ငြိမ်းချမ်းမှုအတွက် အရေးကြီးတယ်လို့ ယုံကြည်ခဲ့ကြပါတယ်။ ဒါပေမဲ့ မက်စ်က အဲဒီအရာတွေကို မတူညီတဲ့ရှုထောင့်ကနေ မြင်ပါတယ်။

သူ့အမြင်မှာ ဒီစည်းမျဉ်းတွေဟာ အကာအကွယ်တွေမဟုတ်၊ အထိန်းအချုပ်တွေ ဖြစ်ပါတယ်။ မက်စ်က သူ့ရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ လွတ်လပ်စွာဖော်ပြခွင့်အတွက် တွစ်တာက စင်မြင့်ဖြစ်ရမဲ့အစား စကားဝိုင်းတွေကိုရွေးချယ်ပြင်ဆင်ထားပြီး အသံတွေကိုဖိနှိပ်ကာ မလိုလားအပ်တဲ့အမြင်တွေကို ဖယ်ရှားနေတယ်လို့ ယုံကြည်ခဲ့ပါတယ်။

အဲဒီအရာက သူ့ကို စိတ်မသက်မသာဖြစ်စေခဲ့ပါတယ်။ အဲဒါကြောင့် မက်စ်က ထပ်မံလှုပ်ရှားကာ တွစ်တာကို သူ့ရဲ့မူဘောင်နဲ့အညီ ပြန်လည်ညှိယူခဲ့ပါတယ်။ သူ့အမြင်မှာတော့ အတားအဆီးနည်းလေ လွတ်လပ်မှုပိုများလေဖြစ်ပါတယ်၊ သူက နောက်မဆုတ်ခဲ့။ သူ့ရဲ့ အငြင်းပွားဖွယ်အဖြစ်ဆုံး ဆုံးဖြတ်ချက်တစ်ခုက ယခင်အုပ်ချုပ်ရေးလက်ထက်က အပြီးတိုင် ပိတ်ပင်ခံခဲ့ရတဲ့ အကြောင်းအရင်းတွေကို ပြန်လည်ဖွင့်လှစ်ပေးတာပဲဖြစ်ပါတယ်။ ဒီလိုနဲ့ ဇန်နဝါရီ ၆ ရက်နေ့ပြီးနောက် ထုတ်ပယ်ခံခဲ့ရတဲ့ ဒေါ်နယ်ထရမ့်လို ပုဂ္ဂိုလ်တွေ၊


mgyoe.com

mgyoe.com
SAMPLE BOOK

ပြဿနာဖြစ်စေနိုင်တဲ့ အကြောင်းအရာတွေ ပြောဆိုမှုကြောင့် ခဏရပ်နားခံခဲ့ရတဲ့ ကင်ယီဝက်စ် (Kanye West) အပါအဝင် အငြင်းပွားဖွယ်ပုဂ္ဂိုလ်တွေဟာ ပလက်ဖောင်းပေါ် ပြန်ရောက်လာခဲ့ပါတယ်။ လိင်အခန်းကဏ္ဍနဲ့ မိန်းမမုန်းတီးမှုအမြင်တွေကို ထင်ရှားစွာထုတ်ဖော်ပြောဆိုသူ အန်ဒရူးတိတ် (Andrew Tate) လို ဝေဖန်ခံနေရသူကိုလဲ ဖွင့်ပေးခဲ့ပါတယ်။ အပျက်သဘောဆောင်တဲ့ အယူအဆတွေကို မြှင့်တင်တယ်လို့ စွပ်စွဲခံထားရပြီးနောက် အန်ဒရူးက ပလက်ဖောင်းပေါ် ပြန်ပေါ်လာခဲ့ပါတယ်။

မက်စ်က အသံတိတ်နေခဲ့ရတဲ့ သန်းပေါင်းများစွာကို တံခါးဖွင့်ပေးလိုက်ကာ ဆွေးနွေးမှုတွေမှာ ပြန်လည်ပါဝင်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ ဒီဆုံးဖြတ်ချက်က ရဲရင့်ပြီး ဒရာမာဆန်ပါတယ်။ အဲဒါအပြင် ချက်ချင်းဆိုသလို အငြင်းပွားမှုတွေကို မီးမွှေးပေးလိုက်တာပါ။ ထောက်ခံသူတွေက အဲဒါကို လွတ်လပ်စွာပြောဆိုခွင့်ရဲ့ အောင်ပွဲအဖြစ် ဂုဏ်ပြုကြပါတယ်။ သူတို့အမြင်မှာ မက်စ်ရဲ့ လုပ်ရပ်ဟာ နည်းပညာကုမ္ပဏီကြီးတွေရဲ့ စိစစ်ရေးစနစ်၊ ဆင်ဆာစနစ် တိုးဝင်လာမှုကို တွန်းလှန်တဲ့ အရေးပါတဲ့လှုပ်ရှားမှု ဖြစ်ပါတယ်။ ဒီအကောင့်တွေကို ပြန်လည်ဖွင့်လှစ်ခြင်းဟာ သဘောတရားရေးရာ ကြေညာချက်တစ်ရပ်ပါပဲ။

မက်စ်က တွစ်တာကို လွတ်လပ်တဲ့ ဖော်ပြခွင့်တွေ ခြိမ်းခြောက်ခံနေရတဲ့ ကမ္ဘာကြီးမှာ လွတ်လပ်စွာပြောဆိုခွင့်ရှိတဲ့ နောက်ဆုံးခံတပ်အဖြစ် နေရာချထားလိုက်ပါတယ်။ ဒါပေမဲ့ လူတိုင်းက သဘောတူညီခြင်းမရှိပါဘူး။ ဝေဖန်သူတွေက မက်စ်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အထိန်းအကွပ်လျော့ရဲတဲ့ အန္တရာယ်များတဲ့အရာလို့ ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြပါတယ်။ အကြောင်းအရာထိန်းသိမ်းမှု လျှော့ချခြင်းဟာ မုန်းတီးမှုစကားတွေ၊ နှောင့်ယှက်မှုတွေနဲ့ မှားယွင်းတဲ့သတင်းအချက်အလက်တွေ ပိုမိုပျံ့နှံ့စေနိုင်ကြောင်း သတိပေးခဲ့ကြပါတယ်။

အန်ဒရူးတိတ်ရဲ့ ပလက်ဖောင်းပြန်ဝင်ခွင့်ရခြင်းဟာ အထူးအငြင်းပွားဖွယ်ဖြစ်လာခဲ့ပါတယ်။ သူ့ကို ဝေဖန်သူတွေအလိုအရ တိတ်ရဲ့ ပြန်လည်ပါဝင်မှုဟာ လွတ်လပ်စွာ ပြောဆိုခွင့်နဲ့မဆိုင်၊ အွန်လိုင်းအဆိပ်သင့်မှုကို ထိန်းချုပ်ဖို့ ကြိုးပမ်းမှုတွေကို မက်စ်က နောက်ပြန်ဆွဲခြင်းသာ ဖြစ်တယ်လို့ ဆိုကြပါတယ်။ လူမှုအဖွဲ့အစည်းတွေအတွက်တော့ မက်စ်ရဲ့ ''လွတ်လပ်တဲ့စကားဝိုင်း'' ဆိုတာဟာ အထိခိုက်လွယ်တဲ့ လူမှု


mgyoe.com

mgyoe.com
SAMPLE BOOK

အသိုင်းအဝိုင်းတွေနဲ့ လူ့အဖွဲ့အစည်းရဲ့ သဟဇာတဖြစ်မှုကို ထိခိုက်စေနိုင်တယ်လို့ ထင်ကြပါတယ်။ မက်စ်က သူ့မူအတိုင်း ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ပါတယ်။

**''မကောင်းတဲ့စကားကို ဖြေရှင်းနည်းမှာ ပိုမိုပြောဆိုခြင်းဖြစ်တယ်''**လို့ သူကြေညာခဲ့ပြီး **''ကြီးမားတဲ့ထိန်းချုပ်မှုထက် ပွင့်လင်းတဲ့ ဆွေးနွေးမှုကသာ အဖြေဖြစ်တယ်''**ဆိုတဲ့ သူ့ရဲ့ယုံကြည်ချက်ကို ထပ်မံခိုင်မာစေခဲ့ပါတယ်။ မက်စ်အလိုအရ **ချို့ယွင်းတဲ့၊ ဒါမှမဟုတ် စော်ကားတဲ့အယူအဆတွေတောင် ဆွေးနွေးမှုမှာနေရာရထိုက်တယ်**လို့ ဆိုပါတယ်။ **လူ့အဖွဲ့အစည်းက ကွဲပြားခြားနားတဲ့အမြင်တွေကို လက်မခံနိုင်ပါက အဲဒါကိုပြင်ဆင်ဖို့က တွစ်တာရဲ့တာဝန်မဟုတ်**လို့ သူယုံကြည်ခဲ့ပါတယ်။ ဒီပြောင်းလဲမှုတွေရဲ့ သက်ရောက်မှုက ချက်ချင်းသိသာခဲ့ပါတယ်။

တွစ်တာဟာ တစ်ညအတွင်း မတူညီတဲ့ ပလက်ဖောင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။ အသံတိတ်နေခဲ့တဲ့အသံတွေဟာ ပြန်လည်တက်ကြွလာခဲ့ပြီး ပြဿနာဖြစ်စေနိုင်တဲ့ ထိလွယ်ရှလွယ် အကြောင်းအရာတွေ တစ်ဖန်ခေတ်စားလာပြန်ပါတယ်။ ထရမ့်က နိုင်ငံရေး စိတ်အားထက်သန်မှုကို လှုံ့ဆော်ပေးတဲ့ တွစ်တွေနဲ့ သူ့အွန်လိုင်းဩဇာကို ပြန်လည်အသက်သွင်းခဲ့ပါတယ်။ ဒါပေမဲ့ ဒီလွတ်လပ်မှုအသစ်က ကြီးမားတဲ့စိန်ခေါ်မှုတွေနဲ့ အတူလာခဲ့ပါတယ်။ ကြော်ငြာရှင်တွေက စိတ်မသက်မသာဖြစ်နေပြီး သူတို့ရဲ့ ဘတ်ဂျက်တွေကို ပြန်လည်ရုပ်သိမ်းလာကြပါတယ်။ ကုန်အမှတ်တံဆိပ်တွေကလဲ သူတို့ရဲ့ ကြော်ငြာတွေကို အမြင်ကွဲပြားစေတဲ့၊ ဒါမှမဟုတ် ထိခိုက်နစ်နာစေတဲ့အကြောင်းအရာတွေနဲ့ အတူပေါ်လာစေလိုမှု မရှိခဲ့ပါဘူး။

မက်စ်ရဲ့ 'ဘာမဆိုလုပ်ခွင့်' ချဉ်းကပ်နည်းက သူတို့ကို စိုးရိမ်စိတ်ဖြစ်စေခဲ့ပါတယ်။ တွစ်တာရဲ့ဝင်ငွေက မတည်မငြိမ်ဖြစ်နေပြီး နောက်ထပ်ထိခိုက်မှုတစ်ခုကို ခံစားခဲ့ရပါတယ်။ မက်စ်က ပါဝင်ဆောင်ရွက်မှုနဲ့ အာရုံစိုက်မှုကို လောင်းကြေးထပ်ခဲ့ပေမဲ့လဲ သူ့မျှော်မှန်းချက်အတွက် ငွေကုန်ကြေးကျများလာခဲ့ပါတယ်။ ပြီးတော့ နိုင်ငံရေးအကျိုးသက်ရောက်မှုတွေလဲ ရှိလာခဲ့ပါတယ်။ ထိန်းသိမ်းမှုလျှော့ချခြင်းဟာ ကမ္ဘာ့နိုင်ငံရေးကို သက်ရောက်နိုင်တယ်ဆိုတာ ကျွမ်းကျင်သူတွေက သတိပေးခဲ့ကြပါတယ်။ မှားယွင်းတဲ့သတင်းတွေကို ထိန်းချုပ်ဖို့နည်းလမ်းနည်းပါးလာခြင်းကြောင့် တွစ်တာဟာ ရွေးကောက်ပွဲဆိုင်ရာ အကြံအဖန်လုပ်ထားတဲ့ သီအိုရီတွေနဲ့ လှည့်စားတဲ့သတင်းတွေ ဖြန့်ချိမှုတွေအတွက် မြေပြင်ဖြစ်လာနိုင်တယ်လို့ ယုံကြည်ကြပါတယ်။ မက်စ်က ဒီစိုးရိမ်မှုတွေကို လျစ်လျူရှုခဲ့ပြီး


mgyoe.com

**အမှန်နဲ့အမှားကို ခွဲခြားဖို့တာဝန်မှာ ပလက်ဖောင်းမှာမဟုတ်ဘဲ လူတစ်ဦးချင်းတွင်သာရှိတယ်လို့ ဖွင့်တရွတ်ပြောဆိုခဲ့ပါတယ်။**

ဒါပေမဲ့ ဝေဖန်သူတွေက ဒီချဉ်းကပ်နည်းဟာ တွစ်တာလို ပလက်ဖောင်းတစ်ခုပေါ်မှာ မှားယွင်းတဲ့အချက်အလက်တွေ ဘယ်လောက်မြန်မြန်ဆန်ဆန် ပျံ့နှံ့နိုင်တာကို လျစ်လျူရှုထားတယ်လို့ ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြပါတယ်။ ဒီပြောင်းလဲမှုတွေက တဖြည်းဖြည်းနဲ့ ၂၀၂၄ ရွေးကောက်ပွဲအတွက် စည်းရုံးလှုံ့ဆော်မှုတွေလုပ်ရာ မြေပြင်ဖြစ်လာခဲ့ပါတယ်။

## တွစ်တာဖိုင်များ

အီလွန်မက်စ်ရဲ့ ပွင့်လင်းမြင်သာမှုအတွက် ရှာဖွေမှုဟာ ပြင်းထန်တဲ့လှုပ်ရှားမှုတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ ပလက်ဖောင်းရဲ့ အကြောင်းအရာ ထိန်းသိမ်းမှုသမိုင်းကို ဖော်ထုတ်ဖို့ သူက လွတ်လပ်တဲ့သတင်းထောက်တွေကို ဖိတ်ခေါ်ခဲ့ပြီးအတွေ့အကြုံရင့်ကျက်ပြီး မတွန့်ဆုတ်တဲ့ မတ်တိုင်းဘီ (Matt Taibbi) ကို အဦးဆုံး ရွေးချယ်ခဲ့ပါတယ်။ မက်စ်ကတိုင်းဘီကို တွစ်တာရဲ့ မော်ကွန်းတိုက်တွေကို ကန့်သတ်မှုမရှိ အသုံးပြုခွင့်ပေးခဲ့ပါတယ်။ ''ခင်ဗျားက ကိုယ့်ကုမ္ပဏီကို သူလျှိုလုပ်နိုင်းတာလား''လို့ တိုင်းဘီက ယုံမှားသံသယနဲ့ မေးခွန်းထုတ်ခဲ့ပါသေးတယ်။ မက်စ်ရဲ့အဖြေမှာ သူ့ပုံစံအတိုင်း ရှင်းလင်းပြတ်သားခဲ့ပါတယ်။

''အပြည့်အဝလုပ်ပါ။ ဒါက မြောက်ကိုရီးယားလို လမ်းညွှန်ခရီးစဉ် မဟုတ်ဘူး''

အဲဒီအချိန်ကစပြီး 'တွစ်တာဖိုင်များ' စီမံကိန်းစတင်ခဲ့ပါတယ်။ ကုမ္ပဏီရဲ့အတွင်းပိုင်းအီးမေးလ်တွေ၊ * Slack conversation နဲ့မှတ်တမ်းတွေကို နက်နက်ရှိုင်းရှိုင်းလေ့လာခဲ့ပါတယ်။ သူက ဒီစီမံကိန်းကို 'လူ့ယဉ်ကျေးမှုရဲ့ အနာဂတ်အတွက်တိုက်ပွဲ'အဖြစ်

---

* Slack Conversation ဆိုတာ Slack ဆိုတဲ့ လုပ်ငန်းသုံး ဆက်သွယ်ရေးပလက်ဖောင်းပေါ်မှာ ဖြစ်ပွားတဲ့ စကားပြောဆိုမှု (သို့) ဆွေးနွေးမှုတစ်ခု ဖြစ်ပါတယ်။ Slack ဟာ အဖွဲ့အစည်းတွေ၊ လုပ်ငန်းတွေနဲ့ အုပ်စုတွေကြား ဆက်သွယ်ပြောဆိုဖို့ အသုံးပြုတဲ့ ကိရိယာတစ်ခုဖြစ်ပြီး စာတို၊ ဖိုင်မျှဝေခြင်း၊ ခေါင်းစဉ်ခွဲဆွေးနွေးခြင်း၊ လုပ်ငန်းတာဝန်တွေကို ညှိနှိုင်းခြင်းစတာတွေကို လွယ်ကူစွာ လုပ်ဆောင်နိုင်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ပုံဖော်ခဲ့ပါတယ်။ သူ့ရဲ့ထင်ရှားတဲ့ စိတ်လှုပ်ရှားဖွယ်စကားတွေနဲ့ တွစ်တာပေါ်မှာ ဖော်ပြခဲ့ပါသေးတယ်။

''လွတ်လပ်စွာ ပြောဆိုခွင့်ရဲ့ အနာဂတ်အတွက် ရှန်းကန်မှု''

တွစ်တာဟာ ကြာမြင့်စွာကတည်းက အကြောင်းအရာထိန်းသိမ်းမှုဆိုင်ရာ အငြင်းပွားမှုတွေရဲ့ ဗဟိုချက်ဖြစ်နေခဲ့ပါတယ်။ တချို့က ပလက်ဖောင်းရဲ့ ကြပ်မတ်တဲ့ စည်းမျဉ်းတွေဟာ အမုန်းစကားတွေ၊ မှားယွင်းတဲ့သတင်းတွေကို တိုက်ဖျက်ရာမှာ အရေးပါတယ်လို့ ငြင်းခုံခဲ့ကြပါတယ်။ လက်ရှိအမြင်တွေကို မေးခွန်းထုတ်သူတွေကို အဲဒီမူဝါဒတွေက ဖိနှိပ်တဲ့ စာပေစိစစ်ရေးအဖြစ် ဆောင်ရွက်တယ်လို့ မြင်ခဲ့ကြသူတွေလဲ ရှိပါတယ်။

မက်စ်အတွက်ကတော့ အစောကတည်းက သံသယဘက်ကို ချိန်ခွင်လျှာပိုများနေခဲ့ပါတယ်။ တွစ်တာဟာ ကြားနေပလက်ဖောင်းအဖြစ်ကနေ ထိန်းချုပ်မှုကိရိယာအဖြစ် စည်းမဲ့ကမ်းမဲ့ ပြောင်းလဲသွားပြီလို့ သူယုံကြည်နေပါတယ်။ အချိန်ကြာလာတာနဲ့အမျှ သူ့စိုးရိမ်မှုတွေ နက်ရှိုင်းလာခဲ့ပါတယ်။ မက်စ်က **တွစ်တာရဲ့ ယခင်ခေါင်းဆောင်တွေဟာ အစိုးရအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းကာ သံသယဖြစ်ဖွယ်အမှုတွေ ပြုလုပ်ခဲ့တယ်လို့** ယုံကြည်လာခဲ့ပါတယ်။

''မတရားမှုတွေအများကြီး''လို့ သူ့ယုံကြည်ရတဲ့ ဒေးဗစ်ဆက်စ် (David Sacks) ကို ပြောကြားခဲ့ပါတယ်။ တွစ်တာဖိုင်တွေက ထုတ်ဖော်ချက်တစ်ခုဟာ နိုင်ငံရေးနဲ့ မီဒီယာလောကကို လှုပ်ခတ်သွားစေခဲ့ပါတယ်။ အဲဒီကိစ္စမှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မတိုင်မီက ဟန်တာဘိုင်ဒင် (Hunter Biden) ရဲ့ လက်ပ်တော့ဆိုင်ရာ နယူးယောက်ပို့စ်သတင်းကို တွစ်တာက ဖိနှိပ်ခဲ့တဲ့ကိစ္စ ဖြစ်ပါတယ်။

အတွင်းပိုင်းစာတိုတွေမှာ တွစ်တာ အငယ်တန်းဝန်ထမ်းတွေရဲ့ စိုးရိမ်ထိတ်လန့်ဖွယ် ဆွေးနွေးမှုတွေကို ဖော်ပြထားပြီး ဟက်ခ်ရသည့်ပစ္စည်းများဆိုင်ရာ မူဝါဒ၊ ဒါမှမဟုတ် ရုရှားဝင်ရောက်စွက်ဖက်မှုကို အကြောင်းပြပြီး နယူးယောက်သတင်းကို ဖိနှိပ်ရကြောင်း ဆုံးဖြတ်ချက်ကို ရှင်းလင်းဖို့ အကြောင်းပြထားပါတယ်။ ဒါပေမဲ့ အဲဒီအချက်တွေကို နောက်ပိုင်းမှာ မှားယွင်းကြောင်းသက်သေပြခဲ့ပါတယ်။

အကျိုးဆက်မှာ ကြီးမားလှပါတယ်။ ဝေဖန်သူတွေက **တွစ်တာကို အစိုးရအဖွဲ့အစည်းတွေရဲ့ တရားဝင်မဟုတ်တဲ့ လက်တံအဖြစ် လုပ်ဆောင်နေတယ်လို့** စွပ်စွဲခဲ့ကြပါတယ်။ မက်စ်အတွက်ကတော့ ဒီအရာက သူမီးမောင်းထိုးလိုတဲ့ အဖွဲ့အစည်းဆိုင်ရာ


mgyoe.com

ဘက်လိုက်မှုပဲ ဖြစ်ပါတယ်။ မှတ်တမ်းတွေများလာတာနဲ့အမျှ တိုင်းဘီတစ်ဦးတည်း မဖြေရှင်းနိုင်တော့ပါဘူး။ အဲဒါကြောင့် အစဉ်အလာကို စိန်ခေါ်ဖို့မကြောက်ရွံ့တဲ့ သတင်းထောက်တစ်ဦးဖြစ်တဲ့ ဘာရီဝိုက်စ် (Bari Weiss) ဝင်ရောက်လာခဲ့ပါတယ်။ ပယ်ဖျက်ယဉ်ကျေးမှုကို ဝေဖန်တဲ့အတွက် လူသိများတဲ့ဝိုက်စ်ဟာ မက်စ်လိုအပ်တဲ့ မဟာမိတ်အမျိုးအစားပဲ ဖြစ်ပါတယ်။ သူဟာ မတွန့်ဆုတ်ခဲ့ပါဘူး။ မွေးကင်းစကလေးကို ချီပြီး တွစ်တာရဲ့ဌာနချုပ်ကို ညနက်အချိန်အရောက် အပြေးသွားရောက်ခဲ့ပါတယ်။ မက်စ်က ကလေးသဘာဝပါတဲ့ စိတ်အားထက်သန်မှုဖြင့် ပြုံးရွှင်ပြီး သူ့ကို ကိုယ်တိုင်ကြိုဆိုခဲ့ပါတယ်။ တွစ်တာရဲ့ အရင်ကကျန်နေတဲ့ "Stay Woke" T-shirts သေတ္တာတွေ အပါအဝင် သမိုင်းဝင်ပစ္စည်းတွေကိုတောင် ပြသခဲ့ပါတယ်။

တိုင်းဘီလိုပဲ ဝိုက်စ်ကိုတွစ်တာရဲ့ မှတ်တမ်းတွေကို အသုံးပြုခွင့်ပေးခဲ့ပေမဲ့လဲ သူ့ရဲ့လမ်းကြောင်းက ချောမွေ့ခြင်းမရှိခဲ့ပါဘူး။ တွစ်တာရဲ့ဥပဒေဌာနက အထိခိုက်မခံတဲ့ ဖိုင်တချို့ကို တိုက်ရိုက်ဝင်ရောက်ခွင့် ပိတ်ပင်ခဲ့ပါတယ်။ ဒါပေမဲ့ ဝိုက်စ်ဖော်ထုတ်ခဲ့တဲ့ အချက်တွေက ပြင်းထန်တဲ့ပုံရိပ်ကို ဖန်တီးခဲ့ပါတယ်။ **ဝန်ထမ်း ၉၈ ရာခိုင်နှုန်းရဲ့ နိုင်ငံရေးလှူဒါန်းငွေတွေဟာ ဒီမိုကရက်ပါတီဆီ ရောက်ရှိခဲ့ကြောင်း** သူက ဖော်ထုတ်ခဲ့ပြီး ဘက်လိုက်မှုစွပ်စွဲချက်တွေကို ပိုမိုမီးမောင်းထိုးလိုက်ပါတယ်။

## ပြန်လည်တုံ့ပြန်မှုများ

တွစ်တာဖိုင်တွေက မျှော်လင့်ထားတဲ့အတိုင်း ငြင်းခုံမှုတွေကို လှုံ့ဆော်ခဲ့ပါတယ်။ နည်းပညာအုပ်စုကြီးတွေက သူတို့ရဲ့အခွင့်အာဏာကို ကျော်လွန်အသုံးချကာ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ လွန်စွာနီးကပ်စွာ ပူးပေါင်းခဲ့ကြောင်း အထောက်အထားအဖြစ် ဒီဖော်ထုတ်ချက်တွေကို ထောက်ခံသူတွေက မှတ်ယူခဲ့ကြပါတယ်။ ဝေဖန်သူတွေကတော့ ဒီတွေ့ရှိချက်တွေကို လုံးဝပယ်ချခဲ့ပါတယ်။ 'ဘာမှမဟုတ်ပါဘူး' လို့ တချို့က လှောင်ပြောင်ကာ အစိုးရရဲ့ တိုက်ရိုက်ဆင်ဆာစိစစ်မှုအတွက် ရှင်းလင်းတဲ့ အထောက်အထားမရှိဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ ဒီဖော်ထုတ်ချက်တွေကို မက်စ်ရဲ့ကိုင်တွယ်ပုံကလဲ မီးကို လောင်စာထပ်ဖြည့်သလို ဖြစ်စေခဲ့ပါတယ်။ စဉ်းစားဆင်ခြင်မှုရှိတဲ့ ဆွေးနွေးမှုထက် သူက ပေါက်ကရဇာတ်လမ်းတွေနဲ့ ဦးတည်ခဲ့ပါတယ်။ ဥပမာ–ပြောင်းဖူးအီမိုဂျီတွေနဲ့ ကြီးကျယ်တဲ့တွစ်တွေ။ တချို့အတွက် ဒီအရာက ပွင့်လင်းမြင်သာမှုကိုပြချင်တဲ့ တကယ့်


mgyoe.com

mgyoe.com SAMPLE BOOK

ရည်ရွယ်ချက်ထက် ယဉ်ကျေးမှုစစ်ပွဲတွေအတွင်း နောက်ထပ်လှုံ့ဆော်မှုတစ်ခုအဖြစ်သာ ခံစားရစေခဲ့ပါတယ်။

ဒီကိစ္စတွေ ငြိမ်သက်သွားချိန်မှာ မက်စ်ရဲ့ရည်ရွယ်ချက်တွေကို ပိုမိုရှင်းလင်းစွာ မြင်လာရပါတယ်။ တစ်ဖက်မှာ ကြားနေအများပြည်သူဆိုင်ရာ နေရာအဖြစ် တွစ်တာရဲ့ ဂုဏ်သတင်းကို ပြန်လည်ထူထောင်ဖို့ သူ တကယ့်ကို စိတ်အားထက်သန်စွာ ကြိုးစားနေပုံ ရပါတယ်။ "အဟောင်းတွေကို ရှင်းလင်းပစ်ရမယ်"လို့ ဝိုက်စ်ကိုပြောခဲ့ပါတယ်၊ "အရင်က အမှားတွေကိုပြင်ဆင်ပြီး အသစ်စက်စက် စတင်ရမယ်"။ ဒါပေမဲ့ သူ့ရဲ့ လက်တွေ့ဆန်တဲ့ ချဉ်းကပ်မှုကိုလဲ လျစ်လျူရှုလို့မရပေ။ တရုတ်နိုင်ငံရှိ Tesla ရဲ့ စီးပွားရေးအကျိုး စီးပွားတွေ အကြောင်း မေးမြန်းခံရတဲ့အခါ မက်စ်က လုံးဝလွတ်လပ်တဲ့ လွတ်လပ်စွာ စကား ပြောခွင့်ဟာ သဘောတရားအရ ဖြစ်နိုင်ပေမဲ့လဲ လက်တွေ့မှာ လိုက်လျောညီထွေမှုတွေ လိုအပ်ကြောင်း ဝန်ခံခဲ့ပါတယ်။ ဒါဟာ ဆန့်ကျင်ဘက်အရာနှစ်ခုကြားမှာ ဟန်ချက် ညီအောင် ကြိုးစားမှုဖြစ်ပါတယ်။ တစ်ဖက်မှာ ပွင့်လင်းမြင်သာမှု၊ တခြားတစ်ဖက်မှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအမှန်တရားများ။

## နိုင်ငံရေးကြော်ငြာနှင့် စည်းရုံးလှုံ့ဆော်မှုများကို ပြန်လည်ခွင့်ပြုခြင်း

မက်စ်က နိုင်ငံရေးကြော်ငြာတွေပေါ်မှာ တားမြစ်ချက်ကို ရုပ်သိမ်းလိုက်ပါတယ်။ ယခင်အုပ်ချုပ်သူတွေလက်ထက်က ရွေးကောက်ပွဲခြယ်လှယ်မှုတွေကို ထိန်းချုပ်ဖို့ နိုင်ငံရေး ကြော်ငြာတွေကို တွစ်တာက တားမြစ်ခဲ့ပါတယ်။ ဒါပေမဲ့ မက်စ်က ဒီလိုတားမြစ်တာဟာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်တယ်လို့ မြင်ခဲ့ပါတယ်။ **လူတွေက သူတို့ရဲ့ဆုံးဖြတ်ချက်ကို ကိုယ်တိုင်ချမှတ်နိုင်ဖို့ နိုင်ငံရေးအမတ်လောင်းတွေကို တွစ်တာမှာ ကြော်ငြာခွင့်ပြုရမယ်လို့** သူက ဆိုပါတယ်။

ဒီပြောင်းလဲမှုဟာ ကြီးမားတဲ့သက်ရောက်မှုရှိပါတယ်၊ နိုင်ငံရေးကြော်ငြာတွေဟာ ယခုတော့ တွစ်တာရဲ့ ကမ္ဘာလုံးဆိုင်ရာ အသုံးပြုသူတွေဆီကို သတင်းအချက်အလက် တွေကို စစ်ထုတ်ခြင်းမရှိဘဲ ရောက်ရှိနိုင်ပါတယ်၊ ဒီစည်းမျဉ်းသစ်ဟာ ရွေးကောက်ပွဲကာလ နီးလာတာနဲ့အမျှ အသုံးပြုသူတွေရဲ့ သတင်းစီးကြောင်းမှာ တချို့သော ကွဲပြားတဲ့သတင်း စကားတွေကို ပေါ်လာစေနိုင်ပါတယ်။ အဲဒီကိစ္စရဲ့အကျိုးသက်ရောက်မှုတွေက ကြီးမားလှ ပါတယ်။ ဒီကြော်ငြာတွေက မဲဆန္ဒရှင်တွေရဲ့ ထင်မြင်ယူဆချက်တွေကို လွှမ်းမိုးနိုင်သလို၊


mgyoe.com

ဒါမှမဟုတ် ငြင်းခုံမှုတွေကို သန်းချီတဲ့အသုံးပြုသူတွေဆီ ယူဆောင်လာနိုင်ပါတယ်။ အဲဒါအပြင် ရွေးကောက်ခံတွေအပေါ် မြင်တဲ့အမြင် ပြောင်းလဲမှုရှိလာနိုင်ပါတယ်။

## အတည်ပြုခြင်းစနစ်အသစ်

နောက်ဆုံးမှာ မက်စ်က တွစ်တာရဲ့အတည်ပြုခြင်းစနစ်ကို ပြောင်းလဲလိုက်ပါတယ်။ အပြာရောင်အမှတ်အသား (Blue checkmark) က ယခင်က စစ်မှန်တဲ့အကောင့်တွေအတွက် သင်္ကေတဖြစ်ခဲ့ရာမှ ယခုအခါ ငွေပေးနိုင်သူ ဘယ်သူမဆို ရယူနိုင်တဲ့စနစ် ဖြစ်လာပါတယ်။ ယခင်က အသုံးပြုသူတွေက အထူးသဖြင့် နာမည်ကြီးပုဂ္ဂိုလ်တွေ၊ ဒါမှမဟုတ် အဖွဲ့အစည်းတွေရဲ့အကောင့်တွေကို အတည်ပြုဖို့ ဒီအမှတ်အသားကို အားကိုးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ မက်စ်ရဲ့ စနစ်သစ်က အစစ်အမှန်နဲ့ အတုအယောင်အကောင့်တွေကြားက မျဉ်းကြောင်းကို မှုန်ဝါးစေခဲ့ပါတယ်။

ဒီပြောင်းလဲမှုရဲ့ အကျိုးသက်ရောက်မှုမှာ ချက်ချင်းကို ကစဉ့်ကလျား ဖြစ်ခဲ့ပါတယ်။ အတုအယောင်အကောင့်တွေ မြင့်တက်လာပြီး နိုင်ငံရေးသမားတွေ၊ အရာရှိတွေရဲ့အကောင့်တွေကို တုပကာ အရေးကြီးတဲ့ကိစ္စရပ်တွေအပေါ် မှားယွင်းတဲ့ သတင်းအချက်အလက်တွေ ဖြန့်ချိခဲ့ပါတယ်။ ရှုပ်ထွေးမှုတွေ ပျံ့နှံ့လာကာ ဘယ်အကောင့်တွေက စစ်မှန်သလဲကို သိရှိဖို့ခက်ခဲလာပြီး အသုံးပြုသူတွေက သူတို့မြင်နေရတာတွေရဲ့ ယုံကြည်စိတ်ချရမှုကို သံသယဝင်လာကြပါတယ်။ ရွေးကောက်ပွဲကာလလို အရေးပါတဲ့အချိန်မျိုးမှာ ဒီပြောင်းလဲမှုဟာ အမှန်တရားနဲ့ လှည့်စားမှုကို ရောထွေးစေနိုင်ခဲ့ပါတယ်။

မက်စ်ရဲ့ ကနဦးလုပ်ဆောင်ချက်တွေဟာ နိုင်ငံရေးလောကကို လျင်မြန်စွာ သက်ရောက်မှုရှိလာခဲ့ပါတယ်။ ငြင်းခုံဖွယ်ရာ ပုဂ္ဂိုလ်တွေကို ပြန်လည်ခေါ်ယူခြင်း၊ နိုင်ငံရေးအကြောင်းအရာတွေအပေါ် ကန့်သတ်ချက်တွေကို လျှော့ပေးခြင်းဖြင့် မက်စ်က တွစ်တာရဲ့ ဆွေးနွေးပွဲတွေကို အသံကျယ်စေပြီး အများပြည်သူဆွေးနွေးမှုကို လူသန်းပေါင်းများစွာဆီ ရောက်ရှိစေခဲ့ပါတယ်။ နိုင်ငံရေးပုဂ္ဂိုလ်တွေနဲ့ ဆယ်လီတွေအတွက် ထောက်ခံသူတွေကို စည်းရုံးဖို့ ဇာတ်လမ်းတွေဖန်တီးဖို့နဲ့ အဓိကအကြောင်းအရာတွေကို အရှိန်အဟုန်နဲ့ ပို့ဆောင်ဖို့ တိုက်ရိုက်နဲ့ စစ်ထုတ်ခြင်းမရှိတဲ့လမ်းကြောင်းတစ်ခုကို ယခု တွစ်တာက ပေးစွမ်းနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ထရမ့်ရဲ့အသံက ယခင်ကထက် ပိုမိုစိတ်ဝင်စားမှုရှိတဲ့ ပရိသတ်နဲ့အတူ အသစ်တစ်ဖန် အရှိန်မြင့်လာခဲ့ပါတယ်။ **နိုင်ငံရေးသြဇာသက်ရောက်မှု**


mgyoe.com

mgyoe.com SAMPLE BOOK

**အတွက် တွစ်တာက မကြိုစဖူး စင်မြင့်ဖြစ်လာခဲ့ပြီး ဒီအရာဟာ ထရမ့်ရဲ့အောင်ပွဲအတွက် အကြီးမားဆုံးအကြောင်းရင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။**

ဒါပေမဲ့ မက်စ်အတွက်ကတော့ ဒီအရာက ပွင့်လင်းတဲ့ဆွေးနွေးမှုကို ကာကွယ်ဖို့ ဖြစ်ပါတယ်။ လူတိုင်းရဲ့စကားပြောခွင့်၊ အသံကြားသိခွင့်ကို သူ့ယုံကြည်မှုဟာ သူ့ကိုယ်ပိုင်အသံပိတ်ဆို့ခံရတဲ့ အတွေ့အကြုံတွေကနေ အမြစ်တွယ်လာတာ ဖြစ်ပါတယ်။ ယခုတော့ သူ့လွတ်လပ်စွာပြောဆိုခွင့်အယူအဆဟာ တွစ်တာရဲ့ မူဝါဒတွေကို ပဲ့ကိုင်နေပြီး လူ့အဖွဲ့အစည်းအပေါ် တွစ်တာရဲ့ ဩဇာသက်ရောက်မှုကို ပုံဖော်နေဆဲ ဖြစ်ပါတယ်။

## လွတ်လပ်စွာပြောဆိုခွင့်အပေါ် အီလွန်မက်စ်ရဲ့အမြင်များ

လွတ်လပ်စွာပြောဆိုခွင့်အပေါ် အီလွန်မက်စ်ရဲ့ ရပ်တည်ချက်ဟာ တွစ်တာရဲ့ အကျိုးသက်ဆိုင်သူတွေ (အထူးသဖြင့် ကြော်ငြာဒါရိုက်တာတွေ) နဲ့ မကြာခဏ ပဋိပက္ခဖြစ်စေပါတယ်။ သူ့ရဲ့ ထင်ရှားတဲ့စရိုက်ကြောင့် မက်စ်က ဘယ်လိုအကျိုးဆက်ကိုမဆို ဂရုမစိုက်ဘဲ သူ့စိတ်ထဲရှိတာကို တိုက်ရိုက်ပြောဖို့ ယုံကြည်ပါတယ်။ အကြောင်းအရာ စီမံခန့်ခွဲမှုဆိုင်ရာ သူ့အမြင်တွေကြောင့် ကြော်ငြာဒါရိုက်တာတွေက ရန်ပုံငွေရုပ်သိမ်းမယ်လို့ ခြိမ်းခြောက်တဲ့အခါ သူက နောက်မဆုတ်ခဲ့ပါဘူး။ သူ့ရဲ့ပုံမှန်ရိုင်းပျတဲ့ စကားလုံးဖြင့် ''ငါ့ကို ခြိမ်းခြောက်ချင်ရင် သူတို့ဘာသာသူတို့ သွားဘုနေလိုက်''လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။ မက်စ်အတွက် ပွင့်လင်းစွာဆွေးနွေးမှုဟာ ငွေကြေးအမြတ်ထက် ပိုအရေးကြီးပါတယ်။ တစ်ကြိမ်မှာ သူဟာ 'The Princess Bride' ဇာတ်လမ်းကိုကိုးကားပြီး **''ငွေကိုပေးပေး၊ အာဏာကိုပေးပေး ငါဂရုမစိုက်ဘူး''**လို့ ပြောခဲ့ပါတယ်။ တွစ်တာရဲ့ တန်ဖိုးဟာ ''ဒစ်ဂျစ်တယ်မြို့ပြရင်ပြင်''အဖြစ် ဖြစ်နိုင်ခြေမှာ ရှိပါတယ်။ လူတိုင်းရဲ့ အသံတွေ၊ လူကြိုက်များမှုမရှိတဲ့အသံတွေကိုပါ ကြားနိုင်တဲ့နေရာ ဖြစ်လာပါတယ်။ လွတ်လပ်စွာပြောဆိုခွင့်ဆိုင်ရာ ချဉ်းကပ်မှုဟာ အငြင်းပွားဖွယ်ဖြစ်ပေမဲ့လဲ မက်စ်ရဲ့ ရှေးရိုးစွဲ ထောက်ခံသူတွေနဲ့ ကင်းကွာစေသည့်တိုင် သူ့စံနှုန်းတွေကို ခိုင်ခိုင်မာမာရပ်တည်နေမှုနဲ့ ကိုက်ညီစေပါတယ်။

မက်စ်ရဲ့ လွတ်လပ်စွာပြောဆိုခွင့်အပေါ် အမြင်တွေဟာ 'လူအများလက်ခံတဲ့အမြင်'ကို သူ့ရဲ့မယုံကြည်မှုနဲ့ဆက်စပ်နေပါတယ်။ * ဟန်တာဘိုင်ဒင် (Hunter Biden) လက်ပ်တော့ပုံပြင်လို အကြောင်းအရာတွေကို သူ ပွင့်လင်းစွာ ဆွေးနွေးလေ့ရှိပါတယ်။


mgyoe.com

 mgyoe.com SAMPLE BOOK 

* ဟန်တာဘိုင်ဒင်ရဲ့ လက်ပ်တော့အကြောင်းကို ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်ခင် ကာလကတည်းက သတင်းမီဒီယာတွေမှာ အကျယ်တဝင့်ဖော်ပြခဲ့ပါတယ်။ အဆိုပါ လက်ပ်တော့ဟာ Delaware ပြည်နယ်က ကွန်ပျူတာပြင်ဆိုင်တစ်ဆိုင်မှာ ပေးပို့ခဲ့တာ ဖြစ်ပြီး ဒီလက်ပ်တော့ထဲမှာ သမ္မတဟောင်း ဂျိုးဘိုင်ဒင်ရဲ့သား ဟန်တာဘိုင်ဒင်ရဲ့ အီးမေးလ်တွေ၊ ဓာတ်ပုံတွေနဲ့ တခြားကိုယ်ရေးကိုယ်တာဖိုင်တွေ ပါဝင်နေတယ်လို့ သတင်းတွေမှာ ဖော်ပြခဲ့ပါတယ်။

ဟန်တာဘိုင်ဒင်ရဲ့ လက်ပ်တော့အကြောင်းကို နယူးယောက်ပို့စ်က ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှာ ပထမဆုံးအကြိမ် ဖော်ပြခဲ့ပါတယ်။ အဆိုပါသတင်းမှာ ဟန်တာဘိုင်ဒင်ရဲ့ လက်ပ်တော့ထဲက အီးမေးလ်တွေနဲ့ ဖိုင်တွေကို ဖော်ပြထားပြီး အဲဒီ အချက်အလက်တွေက ဟန်တာဘိုင်ဒင်နဲ့ ယူကရိန်းနိုင်ငံရှိ စွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Burisma Holdings နဲ့ သူ့ရဲ့ဆက်ဆံရေးအကြောင်း ဖော်ပြထားပါတယ်။

နယူးယောက်ပို့စ်ရဲ့ ဖော်ပြချက်အရ ဟန်တာဘိုင်ဒင်ဟာ သူ့ဖခင်ဖြစ်သူ ဂျိုးဘိုင်ဒင်ကို Burisma နဲ့ပတ်သက်တဲ့ကိစ္စရပ်တွေမှာ ဝင်ရောက်စွက်ဖက်ဖို့ တောင်းဆိုခဲ့တယ်လို့ဆိုပါတယ်။ အဲဒါအပြင် အီးမေးလ်တွေမှာ ဟန်တာဘိုင်ဒင်ဟာ ယူကရိန်းနိုင်ငံရှိ အစိုးရအရာရှိတွေနဲ့ သူ့ဆက်ဆံရေးကိုအသုံးချကာ ကုမ္ပဏီအတွက် အကျိုးကျေးဇူးတွေ ရယူခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ဒီသတင်းဟာ အငြင်းပွားဖွယ်ရာဖြစ်ခဲ့ပြီး တချို့သတင်းဌာနတွေနဲ့ လူမှုမီဒီယာ ပလက်ဖောင်းတွေက ဒီသတင်းကို အတည်မပြုနိုင်လို့ဆိုကာ ဖြန့်ဝေမှုကို ကန့်သတ်ခဲ့ပါတယ်။ မက်စ်မတိုင်ခင် တွစ်တာတာဝန်ရှိသူတွေကလဲ




နယူးယောက်ပို့စ်ရဲ့ဖော်ပြချက်ကို ဖိနှိပ်ခဲ့ပါတယ်။ အဲဒါအပြင် ဟန်တာဘိုင်ဒင်နဲ့ ဂျိုးဘိုင်ဒင်တို့က ဒီစွပ်စွဲချက်တွေကို ငြင်းဆိုခဲ့ပါတယ်။ ဒီဖြစ်ရပ်ဟာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွင်း အမေရိကန်နိုင်ငံရေးမှာ အဓိက စကားစမြည်ပြောဆိုမှုတစ်ခုဖြစ်လာခဲ့ပြီး သတင်းမီဒီယာနဲ့ နိုင်ငံရေးသမားတွေအကြား ငြင်းခုံမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။


mgyoe.com

ဒီကိစ္စဟာ သတင်းအချက်အလက်ကို ဖိနှိပ်ခြင်းလို့ သူ နာမည်တပ်လေ့ရှိပါတယ်။ မက်စ်ရဲ့ စိတ်ထဲမှာ လူမှုမီဒီယာပလက်ဖောင်းတွေဟာ မကြာခဏ လျစ်လျူရှုခံရတဲ့ အမှန်တရားတွေကို ဖော်ထုတ်သင့်တယ်။ 'လျှို့ဝှက်ပူးပေါင်းကြံစည်မှုသီအိုရီ' (သက်သေမရှိဘဲပြောတဲ့ ကောလာဟလသတင်း) ဆိုပြီး ပယ်ချခံရတဲ့ အငြင်းပွားဖွယ် အယူအဆတွေကို ထုတ်ဖော်ခြင်းဖြင့် ပြည်သူတွေဟာ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနဲ့ ဆွေးနွေးမှုတွေမှာ ပါဝင်နိုင်တယ်လို့ သူယုံကြည်ပါတယ်။ **"ဒီလူတွေကို တခြားလူတွေကအမှားပြင်ဆင်ပေးကြလိမ့်မယ်"**လို့ သူက ပြောပါတယ်။ ပွင့်လင်းစွာဆွေးနွေးမှုဟာ ကန့်သတ်ချက်တွေထက် ပိုကောင်းတယ်လို့ သူကြွေးကြော်ခဲ့ပါတယ်။

**လူ့အဖွဲ့အစည်းက စိန်ခေါ်မှုတွေနဲ့ အယူအဆတွေကို လွတ်လပ်စွာ စူးစမ်းနိုင်တဲ့အခါ ဖွံ့ဖြိုးတိုးတက်တယ်**ဆိုတဲ့ ယုံကြည်ချက်ကို မက်စ်ရဲ့ ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုမှုအပေါ် ယုံကြည်ချက်က ရောင်ပြန်ဟပ်နေပါတယ်။ တွစ်တာလိုပလက်ဖောင်းတွေဟာ ယဉ်ကျေးမှုအဆောက်အအုံကို ခိုင်မာစေဖို့ အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ အတည်ပြုထားခြင်းမရှိတဲ့ အရင်းအမြစ်တွေနဲ့ 'လူဖြူအထက်တန်းစားဝါဒီ'လို့ သတ်မှတ်တဲ့ ဖြစ်ရပ်တွေကို သံသယဝင်စွာ သူမေးခွန်းထုတ်ခဲ့ပါတယ်။ သူ့ရဲ့ချဉ်းကပ်မှုဟာ အန္တရာယ်ရှိတဲ့အကြောင်းအရာတွေကို အားပေးနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုတွေရှိပေမဲ့လဲ မက်စ်က သူ့အမြင်ကို ဆက်လက်ရပ်တည်နေခဲ့ပါတယ်။ သူ့မူဝါဒတွေဟာ ကြော်ငြာဒါရိုက်တာတွေကို ထွက်ခွာသွားစေနိုင်ကြောင်း သူ အသိအမှတ်ပြုပေမဲ့လဲ အဲဒီအန္တရာယ်ကို ရင်ဆိုင်ဖို့ သူ အဆင်သင့်ရှိနေပါတယ်။

သူ့အမြင်မှာ **စစ်မှန်တဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဟာ ဘယ်လိုငွေကြေးဆုံးရှုံးမှုကိုမဆို ဆုံးရှုံးရတာတန်ပါတယ်။ တခြားသူတွေကို ဘယ်အကြောင်းအရာကို ဖယ်ရှားရမယ်လို့ အမိန့်ပေးခွင့်ပြုရမှာထက်စာရင် ငွေကြေးအရ ကျဆုံးနေတာကို** မြင်ရတာကိုပဲ **နှစ်သက်တယ်လို့** ဆိုပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း – ၃

# Woke ကို ဆန့်ကျင်သောစစ်သည်တော်ပေါ်ထွက်လာခြင်း

နှစ်ပေါင်းများစွာကြာတဲ့အထိ အီလွန်မက်စ်က ဝါရှင်တန်ဒီစီအနီးသို့ ခြေလှမ်းလှမ်းတိုင်း စိတ်မသက်မသာဖြင့် ရှုတ်ချခဲ့ပါတယ်။ နိုင်ငံရေးဟာ သူ့အတွက်တော့ အဆုံးမရှိတဲ့ ဗျူရိုကရေစီတွေ၊ နောက်ကွယ်သဘောတူညီချက်တွေနဲ့ ပြည့်နှက်နေတဲ့ စိတ်ပျက်ဖွယ်အရာတစ်ခုအဖြစ် ခံစားရပါတယ်။ သူ့အတွက် အမှန်တကယ်အရေးပါတဲ့ အရာတွေရှိပါတယ်။ စူပါကားတွေထက်သာတဲ့ လျှပ်စစ်ကား၊ ကြယ်တွေကိုထိတွေ့နိုင်တဲ့ ဒုံးပျံတွေ၊ လူတွေကို မျက်စိတစ်မှိတ်အတွင်း တိုက်ကြီးတွေကို ဖြတ်သန်းပို့ဆောင်နိုင်တဲ့ အနာဂတ်သယ်ယူပို့ဆောင်ရေးစနစ်တွေ စတဲ့အရာတွေဆီကနေ နိုင်ငံရေးက သူ့စိတ်ကို ဖယ်ရှားနေသလို ခံစားရပါတယ်။

မက်စ်ကို နက်နက်ရှိုင်းရှိုင်းသိသူတွေက နိုင်ငံရေးကစားပွဲအပေါ် သူ့ရဲ့အထင်သေးမှုကို နားလည်ကြပါတယ်။ နိုင်ငံရေးသမားတွေလား။ သူက နိုင်ငံရေးသမားတွေကို သည်းခံရုံသာ သည်းခံပါတယ်။ နိုင်ငံရေးလှူငွေဆိုတဲ့အရာဟာ သူ့အတွက်တော့ သူချစ်မြတ်နိုးရတဲ့ Tesla နဲ့ Space X ကို မြင့်တက်စေဖို့ မျိုချရတဲ့ ခါးသက်သက်ဆေးလုံးတစ်လုံး။ သူ့ရဲ့ထောက်ခံမှုဟာ တေးဆိုငှက်လိုပါတီတွေကြား တစ်ခုပြီးတစ်ခု ခုန်ကူးနေတယ်၊ ဒီလိုဖြစ်ရခြင်းမှာ နက်ရှိုင်းတဲ့အယူအဆကြောင့်မဟုတ်၊ သူ့ရဲ့ လက်တွေ့ကျတဲ့ ရည်ရွယ်ချက်ကြောင့်သာ ဖြစ်ပါတယ်။ "**အဲဒီလူတွေအသုံးဝင်ရင် မဟာမိတ်ဖွဲ့၊ ပြီးရင် ဓာတ်ခွဲခန်းကိုပြန်သွား**"က သူ့ရဲ့ဆောင်ပုဒ် ဖြစ်ပါတယ်။

နိုင်ငံရေးသမားတွေနဲ့ ရှုပ်ထွေးဖို့ မနှစ်သက်ပေမဲ့လဲ မက်စ်က ခြွင်းချက်တွေရှိပါတယ်။ သမ္မတအိုဘားမားနဲ့ ချစ်ခင်ရင်းနှီးတဲ့ဆက်ဆံရေးကို ထိန်းသိမ်းခဲ့ပြီး အိမ်ဖြူတော်ကို မကြာခဏ သွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်တွေဟာ Tesla နဲ့ Space X အတွက် အထောက်အပံ့ရရှိဖို့ ကြိုးစားမှုတွေ ဖြစ်ပါတယ်။ သူဟာ သမ္မတ

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်တော်ထက် ခေတ်ခွဲခန်းကို ပိုနှစ်သက်ပါတယ်။ နိုင်ငံရေးဟောပြောချက်တွေရဲ့ အသံထက် ဒုံးပျံအင်ဂျင်တွေရဲ့အသံကို ပိုလိုလားပါတယ်။ မက်စ်ရဲ့အာရုံစိုက်မှုဟာ သူ့စီမံကိန်းတွေအပေါ်မှာသာ စုစည်းနေပြီး နည်းပညာပန်းတိုင်တွေကို အထောက်အကူ ပြုတဲ့ အကြောင်းရင်းတွေကိုသာ ဦးတည်ပါတယ်။ ခေါင်းဆောင်တစ်ဦးတစ်ယောက်ကို ထောက်ခံခြင်းမှ ရှောင်ကြဉ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒေါ်နယ်ထရမ့်နဲ့ပတ်သက်လာရင် မက်စ်ရဲ့ ဂရုမစိုက်မှုဟာ ဝေဖန်မှုအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ရွေးကောက်ပွဲမတိုင်မီရက်ပိုင်းမှာ မက်စ်က CNBC ကို "ထရမ့်ဟာ အမေရိကန်ပြည်ထောင်စုကို ကောင်းစွာကိုယ်စားပြုနိုင်တဲ့ စရိုက်လက္ခဏာ မရှိ"လို့ ပြောခဲ့ပါတယ်။ သူ့ရဲ့သံသယဟာ နက်ရှိုင်းခဲ့ပါတယ်။ ထရမ့်အနိုင်ရပြီးနောက် မက်စ်က သူ့လုပ်ဖော်ကိုင်ဖက်တွေကို "ဒီအဖြစ်အပျက်က ငါတို့ဟာ သရုပ်သကန် ဖန်တီးခြင်း (Simulation) ထဲမှာ နေနေကြောင်း သက်သေပြနေတယ်"လို့ ဟာသလုပ် ခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ မနှစ်မြို့ခြင်းဖြစ်ရုံသာမက ထရမ့်ဟာ သူတန်ဖိုးထားတဲ့ ယုတ္တိနဲ့ ဆန့်ကျင်ဘက်လုပ်ဆောင်နေတဲ့ စနစ်ရဲ့သင်္ကေတဖြစ်နေတယ်လို့ မက်စ်က မြင်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ သူက ထရမ့်နဲ့ ကိုယ်ရေးကိုယ်တာစကားပိုင်းမှာ 'လုံးဝ အရှုံးသမား'လို့တောင် ခေါ်ခဲ့ပါတယ်။

ဒီအချက်တွေဟာ နောက်ပိုင်း *ဝုတ်ဆန့်ကျင်ရေး (Anti woke) လှုပ်ရှားမှုမှာ ထောက်ခံခဲ့တဲ့ မက်စ်ရဲ့ပုံစံနဲ့ ဘယ်လောက်ကွာဟမှုရှိကြောင်း ဖော်ပြနေပါတယ်။ ဒါပေမဲ့ အဲဒီအခိုက်အတန့်တွေဟာ အပြောင်းအလဲတစ်ခုရဲ့ အစပြုမှုကို ညွှန်းဆိုနေပါတယ်။ မက်စ်ရဲ့ကမ္ဘာဟာ အမေရိကကို ဆွဲငင်နေတဲ့ယဉ်ကျေးမှုနဲ့ နိုင်ငံရေးလှိုင်းတွေကနေ ကင်းကွာနေတာ မဟုတ်ပါဘူး။ တဖြည်းဖြည်းချင်း မက်စ်နဲ့ နိုင်ငံရေးလောကကြားရှိ အကွာအဝေးဟာ ကျဉ်းမြောင်းလာခဲ့ပါတယ်။ နိုင်ငံရေးကင်းတဲ့ နည်းပညာမျှော်မှန်းသူ ကနေ အမေရိကန်ရဲ့ အယူအဆဆိုင်ရာတိုက်ပွဲတွေမှာ အဓိကသမားတစ်ဦးအဖြစ် ပြောင်းလဲလာပုံမှာ မျှော်လင့်ထားတာထက် ဆန်းကျယ်ပြီး တစ်ခါတစ်ရံ ဆန့်ကျင်ဘက် ဖြစ်နေတဲ့ နည်းလမ်းတွေနဲ့ ဖြစ်ထွန်းလာခဲ့ပါတယ်။ မက်စ်သိရှိလာတဲ့အတိုင်း နိုင်ငံရေး ကနေ ကင်းကွာနေဖို့ ထာဝရရွေးချယ်စရာမရှိတော့ပါဘူး။ နိုင်ငံရေးရဲ့ဆွဲငင်အားဟာ ပိုမိုပြင်းထန်လာနေပါတယ်။ ဝုတ် (Woke) မူဝါဒတွေအပေါ်သူ့ရဲ့မကျေနပ်မှုတွေဟာ နောက်ဆုံးမှာ သူရှောင်တိမ်းခဲ့ဖူးတဲ့အရာဆီ သူ့ကိုတွန်းပို့လာခဲ့ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

*** ဝုတ် (Woke)**

Woke ဟာ အမေရိကန်လူမှုရေးနဲ့ နိုင်ငံရေးစကားဝိုင်းမှာ အငြင်းပွားဖွယ် စကားလုံးတစ်ခုဖြစ်ပြီး ၎င်းရဲ့အဓိပ္ပာယ်နဲ့ အသုံးပြုပုံဟာ အချိန်နဲ့အမျှ ပြောင်းလဲလာခဲ့ပါတယ်။ Woke စကားလုံးဟာ အာဖရိကန်–အမေရိကန်လူမှုအသိုင်းအဝိုင်း (AAVE) ကနေ ဆင်းသက်လာပြီး လူမှုရေးမတရားမှုတွေ (အထူးသဖြင့် လူမျိုးရေးခွဲခြားမှု၊ လူတန်းစားမညီမျှမှု) ကို သိမြင်နားလည်မှုရှိခြင်းကို ရည်ညွှန်းပါတယ်။ ဥပမာ–Stay Woke ဆိုတဲ့စကားစုဟာ ၂၀၁၀ ပြည့်လွန်နှစ်တွေမှာ Black Lives Matter လှုပ်ရှားမှုနဲ့ အတူ လူသိများလာခဲ့ပါတယ်။ နောက်ပိုင်းမှာ Woke ကို အမျိုးမျိုးသော လူမှုရေး မတရားမှုတွေ (လိင်တူချစ်သူများအခွင့်အရေး၊ ကျား/မ တန်းတူညီမျှမှု၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တန်းတူညီမျှမှု) ကို သိမြင်ပြီး တက်ကြွစွာတုံ့ပြန်တဲ့ လှုပ်ရှားမှုတွေနဲ့ ဆက်စပ်လာခဲ့ပါတယ်။

၂၀၂၀ ပြည့်လွန်နှစ်တွေမှာ Woke ဟာ နိုင်ငံရေးစကားလုံးအဖြစ် ပြောင်းလဲသွားခဲ့ပြီး လက်ယာနဲ့ လက်ဝဲဝါဒီ နိုင်ငံရေးအဖွဲ့တွေကြား အငြင်းပွားမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

**၁။ လက်ဝဲဝါဒီ (ပရိုဂရက်ဆစ်) အမြင်များ**

Woke ကို လူမှုရေးတရားမျှတမှုအတွက် တိုက်ပွဲဝင်မှု အားနည်းသူတွေကို အသံပေးမှုလို့ မြင်တယ်။ ဥပမာ–ကျောင်းသင်ရိုးညွှန်းတမ်းတွေမှာ လူမျိုးရေးသမိုင်းကို ပိုမိုထည့်သွင်းခြင်း၊ ကုမ္ပဏီတွေက မတူကွဲပြားမှုကို မြှင့်တင်ခြင်း။

**၂။ လက်ယာဝါဒီ (အမေရိကန်ပြုပြင်ရေးဝါဒီ) အမြင်များ**

Woke ကို နိုင်ငံရေးအရ မှန်ကန်မှုအလွန်အမင်းဖြစ်မှု၊ လွတ်လပ်စွာပြောဆိုခွင့်ကို ခြိမ်းခြောက်မှု၊ လူ့အဖွဲ့အစည်းကို သီးခြားခွဲထုတ်မှုလို့ ဝေဖန်တယ်။ ဥပမာ– ဟားဗတ်တက္ကသိုလ်လို အဖွဲ့အစည်းတွေမှာ 'Woke Culture' ကိုကျင့်သုံးနေမှုကို ဝေဖန်သူတွေက ၎င်းကပညာရေးလွတ်လပ်ခွင့်ကို ထိခိုက်စေတယ်လို့ဆိုပါတယ်။ အီလွန်မက်စ်လို လက်ယာဝါဒီသမားတွေက Woke ကို လူ့အဖွဲ့အစည်းကိုပြိုကွဲစေတဲ့ အတွေးအခေါ်အဖြစ်မြင်ပြီး ၎င်းရဲ့ဆန့်ကျင်ဘက်အဖြစ် လွတ်လပ်စွာပြောဆိုခွင့်၊ ဟာသ ဉာဏ်နဲ့ လူတိုင်းပါဝင်နိုင်တဲ့ ယဉ်ကျေးမှုကို ထောက်ခံပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## အရှိန်ပြင်းတဲ့ကာလ

COVID - 19 ကပ်ရောဂါဟာ ကမ္ဘာကို စမ်းသပ်ခဲ့သလို အစိုးရထိန်းချုပ်မှု အပေါ် အီလွန်မက်စ်ရဲ့ သည်းခံမှုကိုလဲ စမ်းသပ်ခဲ့ပါတယ်။ ကပ်ရောဂါအစောပိုင်းကာလ တွေမှာ အစိုးရအစီအမံတွေအပေါ် မက်စ်ရဲ့စိတ်တိုမှုကို ထင်ရှားစွာ မြင်တွေ့ရပါတယ်။ Tesla ရဲ့ဌာနချုပ်တည်ရှိရာ ကယ်လီဖိုးနီးယားမှာ နိုင်ငံတွင်း အပြင်းထန်ဆုံး သွားလာခွင့် ကန့်သတ်တာတွေကို ကျင့်သုံးခဲ့ပြီး လုပ်ငန်းတွေကိုပိတ်ပစ်ကာ နေထိုင်သူတွေကို အိမ်တွင်း ပိတ်မိစေခဲ့ပါတယ်။ မက်စ်က အဲဒီကန့်သတ်ချက်တွေကို အလွန်အမင်း ကျော်လွန်တဲ့ လုပ်ရပ်အဖြစ်မြင်ပြီး ထုတ်ဖော်ပြောဆိုဖို့ မတွန့်ဆုတ်ခဲ့ပါဘူး။ Tesla ရဲ့ ဝင်ငွေဆိုင်ရာ ဆွေးနွေးပွဲတစ်ခုမှာ သူက ကယ်လီဖိုးနီးယားရဲ့ ပိတ်ပင်တာတွေကို 'ဖက်ဆစ်ဝါဒီ'လို့ ပြင်းထန်စွာဝေဖန်ကာ ''လူတွေရဲ့ ဘုရားသခင်ပေးထားတဲ့ လွတ်လပ်ခွင့်တွေကို ပြန်ပေး လိုက်ပါ''လို့ တွစ်တာမှာ ရေးသားခဲ့ပါတယ်။ ဒါဟာ Tesla ရဲ့ လုပ်ငန်းဆောင်ရွက်မှု တွေနဲ့သာ သက်ဆိုင်တာမဟုတ်။ အဲဒီအရာဟာ လူတစ်ဦးချင်းရဲ့ရွေးချယ်မှုကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်၊ မိမိအန္တရာယ်ကို ကိုယ်တိုင်အကဲဖြတ်ပိုင်ခွင့်တို့နဲ့ သက်ဆိုင်ပါတယ်။

ဒီမကျေနပ်မှုဟာ မကြာမီမှာပဲ ပွင့်ပွင့်လင်းလင်းဆန့်ကျင်မှုအဖြစ် ပြောင်းလဲသွား ခဲ့ပါတယ်။ မက်စ်က ''Tesla ဟာ ယနေ့ Alameda Country ရဲ့ စည်းမျဉ်းတွေကို ဖီဆန်ပြီး ထုတ်လုပ်မှုကို ပြန်လည်စတင်မယ်။ ကျွန်တော်က တခြားသူတွေနဲ့အတူ ပါဝင်မယ်။ တကယ်လို့ မည်သူ့ကိုမဆို ဖမ်းဆီးပါက ကျွန်တော်တစ်ဦးတည်းကိုသာ ဖမ်းဆီးပါ''လို့ တွစ်တာမှာ ရဲဝံ့စွာ ရေးသားခဲ့ပါတယ်။ မက်စ်ရဲ့ထုတ်ပြန်ချက်ဟာ ကြေညာချက်တစ်ခုထက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရပ်တည်နေပါတယ်။

ဒါဟာ လူတစ်ဦးရဲ့လွတ်လပ်ခွင့်ကို မတရားကန့်သတ်ချုပ်ချယ်ထားတယ်လို့ သူယူဆတဲ့အရာကို သူဆန့်ကျင်တဲ့ပုံစံ ဖြစ်ပါတယ်။ သူ့ကိုယ်သူ စွန့်စားခြင်းဖြင့် မက်စ်ဟာ ဝေဖန်မှုကိုဖိတ်ခေါ်ခဲ့ပြီး သူ့ရဲ့ဆန့်ကျင်မှုဟာ အဲဒီစိုးရိမ်မှုတွေကို မျှဝေခံစားနေရသူတွေနဲ့ ပဲ့တင်ထပ်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးမှာ လူတွေက သွားလာခွင့်ကန့်သတ်ချက်တွေကို မကျေမနပ်ဖြစ်နေကြပြီး မက်စ်ရဲ့ ရဲဝံ့တဲ့ရပ်တည်မှုဟာ အစိုးရရဲ့ လွန်ကဲတဲ့လုပ်ရပ်တွေကို ဆန့်ကျင်တဲ့ သင်္ကေတတစ်ခုဖြစ်လာခဲ့ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK



ဒီအခိုက်အတန့်ဟာ မက်စ်ရဲ့ နိုင်ငံရေးအမြင်ပြောင်းလဲမှုမှာ အရှိန်ပြင်းတဲ့ အမှတ်တစ်ခု ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (ဥပမာ–ရေ၊ နေရောင်ခြည်၊ လေ၊ ကမ္ဘာမြေကြီးရဲ့အတွင်းပိုင်းကထွက်တဲ့ အပူချိန် စတဲ့အရာတွေကနေ ထုတ်တဲ့စွမ်းအင်)လို တိုးတက်မှုဆိုင်ရာ စံနှုန်းနမူနာတွေနဲ့ တစ်ခါက သဘောတူခဲ့သူဟာ ယခုအခါမှာတော့ သူ ထောက်ခံခဲ့ဖူးတဲ့အဖွဲ့အစည်းတွေနဲ့ ဗီလာဆန့်ကျင်နေတာကို သူ့ကိုယ်သူ တွေ့ရှိခဲ့ပါတယ်။

## အနီရောင်ဆေးပြားလှုပ်ရှားမှု

၂၀၂၀ ပြည့်နှစ်၊ မေလမှာ မက်စ်က လျှို့ဝှက်ပေမဲ့လဲ အဓိပ္ပာယ်ပြည့်ဝတဲ့ တွစ်တစ်ခုကို ရေးတင်ခဲ့ပါတယ်။

**‘‘အနီရောင်ဆေးပြားကိုသောက်လိုက်ပါ’’**

"The Matrix" ဇာတ်ကားမှ ကိုးကားချက်ကို သိသူတွေအတွက် မက်စ်က ဝုတ်ယဉ်ကျေးမှုကို ဝေဖန်သူတွေနဲ့ သဘောတူညီနေကြောင်း ရှင်းနေပါတယ်။ သူဟာ




ယခုအခါ အရာရာကို မတူညီတဲ့ ပုံစံဖြင့် ကြည့်လာခဲ့ပါတယ်။ သမ္မတထရမ့်ရဲ့သမီး အီဗန်ကာထရမ့် (Ivanka Trump) က ‘‘(ဆေးပြားကို) သောက်လိုက်ပြီ’’လို့ ရိုးရှင်းစွာ ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ အင်တာနက်တစ်ခုလုံး တုန်လှုပ်သွားခဲ့ပါတယ်။ မကြာမီမှာပဲ #RedPill ဆိုတဲ့ ဟက်ရှ်တပ်ဟာ လူကြိုက်များလာပြီး အားပေးသံတွေနဲ့ ဒေါသတွေကို နှိုးဆွခဲ့ပါတယ်။ အဲဒီတုန်းက သူ့ရဲ့ကြင်ဖော် ဂရိုင်းစ် (Grimes) ကတောင် ‘‘ချစ်ရင် ကျေးဇူးပြုပြီး ရပ်လိုက်ပါ’’လို့ မတည်မငြိမ်ဖြစ်ဟန်ရှိတဲ့ တုံ့ပြန်မှုပြခဲ့ပါတယ်။ တွစ်တာတစ်ခုတည်းက


mgyoe.com

mgyoe.com SAMPLE BOOK

စတင်ခဲ့တဲ့ဒီအရာဟာ ယဉ်ကျေးမှုဆိုင်ရာ အပြင်းထန်ဆုံးစကားတွေ ဖြစ်လာခဲ့ပြီး မက်စ်ရဲ့ ပုံရိပ်ကို စည်းမျဉ်းတွေကိုဖီဆန်တဲ့ စူးရှတဲ့ပြဿနာဖန်တီးတတ်သူအဖြစ် ခိုင်မာစေခဲ့ပါတယ်။

ဒါဟာ ဝုတ်အယူအဆတွေကို စနစ်တကျ မေးခွန်းထုတ်ဖို့ တိုက်တွန်းမှု တစ်ရပ်ဖြစ်ပါတယ်။ မက်စ်ရဲ့အမြင်မှာ ဒီစံနှုန်းတွေကို စိန်ခေါ်ဖို့ ဥပစာစကားဖြင့်ပြောရရင် အနီရောင်ဆေးပြားကိုသောက်ပြီး လွတ်လပ်စွာ တွေးခေါ်ဖို့ ရဲဝံ့တဲ့အသံတွေ ကမ္ဘာကြီးမှာ လိုအပ်နေပါတယ်။ သူ့သဘောထားကို မျှဝေသူတွေအတွက်ကတော့ မက်စ်ရဲ့သင်္ကေတဆန်တဲ့ ဒီလုပ်ရပ်ဟာ လက်ရှိ အများစုရဲ့အယူအဆတွေကို ရင်ဆိုင်ရဲတဲ့ ဉာဏ်ရည်ဉာဏ်သွေး ပြည့်ဝမှုကို ကိုယ်စားပြုခဲ့ပါတယ်။

## ဂျန်နာနှင့်အကြား အက်ကွဲကြောင်း

အီလွန်မက်စ်ရဲ့ လူသိရှင်ကြား ပုံရိပ်ပြောင်းလဲလာတာနဲ့အမျှ 'ဝုတ်အယူအဆ'လို့ သူမြင်တဲ့အရာတွေနဲ့ သူ့ရဲ့တိုက်ပွဲတွေဟာ သူ့ကိုယ်ရေးကိုယ်တာဘဝထဲကို စိမ့်ဝင်လာကာ



သူနဲ့ သူ့အကြီးဆုံးကလေး ဂျန်နာ (Jenna) (ယောက်ျားလေးကနေ မိန်းကလေးဘဝပြောင်းထားသူ) အကြား ချောက်ကမ်းပါးကြီးတစ်ခု ဖန်တီးခဲ့ပါတယ်။ တစ်ခါက နီးကပ်တဲ့ဆက်ဆံရေးဟာ တဖြည်းဖြည်း ပြိုကွဲလာခဲ့ပါတယ်။ ဂျန်နာက သူ့ရဲ့ စစ်မှန်တဲ့လိင်စိတ်ကိုလက်ခံလာပြီး (အမျိုးသမီးဘဝသို့ ပြောင်းလဲပြီး) နောက်ပိုင်းမှာ ခက်ခဲတဲ့ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ပါတယ်၊ ဂျန်နာက ဥပဒေအရ အမည်ပြောင်းလဲခြင်းဖြင့် သူ့ရဲ့ဖခင်နဲ့ တိုက်ရိုက်ဆက်နွယ်မှုကို ဖြတ်တောက်လိုက်ပါတယ်။ လူတစ်ဦးရဲ့လွတ်လပ်မှုနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ကြွေးကြော်သူတစ်ဦးအတွက် ဒီကိုယ်ရေးကိုယ်တာငြင်းပယ်မှုဟာ နက်ရှိုင်းစွာ ထိခိုက်စေခဲ့ပါတယ်။ ဒါဟာ


mgyoe.com

တန်ဖိုးတွေရဲ့သင်္ကေတဆန်တဲ့ ပဋိပက္ခဖြစ်ပါတယ်။ မက်စ်က ဂျန်နာရဲ့လိင်ပြောင်းလဲမှုနဲ့ ခပ်ခွာခွာနေမှုကို သူပြင်းပြင်းထန်ထန်ဆန့်ကျင်နေတဲ့ ဝုတ်ယဉ်ကျေးမှုရဲ့ တိုက်ရိုက်အကျိုးဆက်အဖြစ် မြင်ခဲ့ပါတယ်။ အင်တာဗျူးတွေမှာ သူက ဒီယဉ်ကျေးမှုဟာ သူတို့ရဲ့ ဆက်ဆံရေးကို အဆိပ်သွင်းကာ ဂျန်နာကို ''ကျွန်တော် ကြိုးပမ်းခဲ့သမျှအားလုံးကို ငြင်းပယ်စေခဲ့တယ်''လို့ ဝမ်းနည်းစွာ ဖွင့်ဟခဲ့ပါတယ်။ သူက ''ဝုတ်ကြောင့်ဖြစ်တဲ့ စိတ်ဗိုင်းရပ်စ် (Woke mind virus)''လို့ ခေါ်တဲ့အရာကို ပြင်းထန်စွာဝေဖန်ခဲ့ပြီး အဲဒီအရာက ဆင်ခြင်တုံတရား၊ ထိုက်တန်မှုနဲ့ တိုးတက်မှုရဲ့ အခြေခံကို ဖျက်သိမ်းနိုင်တယ်လို့ ယုံကြည်ခဲ့ပါတယ်။ သူက ဒီ''စိတ်ထားပုံစံ (mindset)''ကို မတားဆီးပါက လူသားမျိုးနွယ်ဟာ ''ကိုယ့်မိခင်ဂြိုဟ်ကိုစွန့်ခွာပြီး တခြားဂြိုဟ်ကို သွားရောက်နေထိုင်သူ'' ဖြစ်လာဖို့ အိပ်မက်က အစဉ်မပြတ် ဝေးကွာသွားမယ်လို့တောင် ကြေညာခဲ့ပါတယ်။

ဒီအရာက မက်စ်အတွက် ကိုယ်ရေးကိုယ်တာ အကျပ်အတည်းတစ်ခု ဖြစ်လာနေပါတယ်။ ဂျန်နာနဲ့သူ ခွာပြဲကုန်တာက လူ့အဖွဲ့အစည်းက မိသားစုတွေအပေါ် သက်ရောက်တဲ့ နာကျင်ဖွယ်အကျိုးဆက်တစ်ခု ဖြစ်တယ်လို့ သူထင်ပါတယ်။ ''ချစ်ရသူတစ်ဦးက ရုတ်တရက် ခင်ဗျားကိုကျောခိုင်းလိုက်တဲ့အခါ သူတို့အပေါ် လွှမ်းမိုးနေတဲ့အရာတွေကို ခင်ဗျား မျက်နှာမူစေတယ်''လို့ သူက ဝန်ခံခဲ့ပါတယ်။ ယခုဖြစ်ရပ်ဟာ စံနှုန်းကွဲလွဲမှုထက် ပိုနက်နဲပါတယ်။ သူ့အတွက်တော့ သစ္စာဖောက်မှုတစ်ခုလို ခံစားရပြီး သူနဲ့ သူ့ကလေးကြား ကွဲကွာမှုကို ဖန်တီးတယ်လို့ယုံကြည်တဲ့ အင်အားစုတွေကို တိုက်ဖျက်ဖို့ သူ့စိတ်ဓာတ်ကို မီးထိုးပေးခဲ့ပါတယ်။

မက်စ်ရဲ့ 'ဝုတ်လှုပ်ရှားမှု'တွေအပေါ် စိတ်ဆိုးမှုဟာ သူ့မိသားစုကိုကျော်လွန်ပြီး ပျံ့နှံ့သွားခဲ့ပါတယ်။ မက်စ်က ဝုတ်လှုပ်ရှားမှုဟာ ဟာသဉာဏ်ကိုသတ်ပစ်နေပြီး ဖန်တီးမှုစွမ်းအားကို ဖိနှိပ်ကာ ကမ္ဘာကြီးကို ပျော်ရွှင်မှုမရှိတဲ့၊ ခွင့်လွှတ်မှုမရှိတဲ့နေရာတစ်ခုအဖြစ် ပြောင်းလဲနေတယ်လို့ ခံစားခဲ့ပါတယ်။ သူဟာ တစ်ခါက The Onion ကို နှစ်သက်သူဖြစ်ပေမဲ့ နောက်ပိုင်းမှာ ရှေးရိုးစွဲခရစ်ယာန်သရော်စာဆိုက်ဖြစ်တဲ့ 'Babylon Bee'ကို ပြောင်းလဲသဘောကျလာခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်မှာတော့ နိုင်ငံရေးအရ မှန်ကန်မှုဆိုင်ရာ စံနှုန်းတွေဟာ ဟာသလောကကို ဖိနှိပ်နေတယ်လို့ သူက ပွင့်ပွင့်လင်းလင်း ဝေဖန်ခဲ့ပါတယ်။


mgyoe.com